မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၄၁)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ အင်္ဂါနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေမှုလုပ်ငန်းစဉ်များ ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ဂျာမနီနိုင်ငံ ကွန်ရာ့တ်အာဒမ်နိုရာဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဥရောပပါလီမန်အဖွဲ့ဝင်နှင့် ဥက္ကဋ္ဌဟောင်း Dr.Hans-Gert Pottering ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဗိုလ်ချုပ်မောင်မောင်အုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်တိုးတက်ပြောင်းလဲလျက်ရှိသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေမှုလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးဆိုင်ရာများအပေါ် ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂျာမနီနိုင်ငံ ကွန်ရာ့တ်အာဒမ်နိုရာဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဥရောပပါလီမန်အဖွဲ့ဝင်နှင့် ဥက္ကဋ္ဌဟောင်း Dr.Hans-Gert Pottering ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

သန်လျင်နှင့် ဒေါပုံဆိပ်ကမ်းတို့တွင် သင်္ဘောတည်ဆောက်ရေးလုပ်ရန် စိတ်ဝင်စားနေ

သတင်း
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သည့်နေရာတွင် သင်္ဘောများနှင့် ရေယာဉ်များဖြင့် ကုန်စည်ပို့ဆောင်ရေးအပြင် ရေယာဉ်နှင့်သင်္ဘောများ တည်ဆောက်ရေးလုပ်ငန်းဖွံ့ဖြိုးရန် လိုအပ်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့ သန်လျင်နှင့်ဒေါပုံဆိပ်ကမ်းတို့တွင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်ရန် ပြည်တွင်းပြည်ပကုမ္ပဏီအချို့က စိတ်ဝင်စားလျက်ရှိနေပြီဖြစ်သည်။

ပြည်တွင်းပြည်ပကုမ္ပဏီများက သင်္ဘောကျင်းတည်ဆောက်ရန် စိတ်ဝင်စားနေသည့် ဒေါပုံဆိပ်ကမ်း။

"သင်္ဘောနှင့် ရေယာဉ်တွေတည်ဆောက်ဖို့ လိုအပ်တဲ့ သင်္ဘောဒီဇိုင်းတွေ ရေးဆွဲကူညီပေးဖို့အပြင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းတွေမှာ အကြံဉာဏ်တွေပေးနိုင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ အခြားကုမ္ပဏီတွေနဲ့ လက်တွဲဆောင်ရွက်ဖို့ ဆန္ဒရှိပါတယ်။ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် ရန်ကုန်မြို့မှာဆိုရင် သန်လျင်နဲ့ဒေါပုံ ဆိပ်ကမ်းတွေမှာ ဆောင်ရွက်နိုင်ဖို့ ရည်မှန်းထားပါတယ်။ အဲဒီနေရာနှစ်ခုက ရန်ကုန်မှာတော့ အဆင်အပြေဆုံး ဖြစ်နေတယ်" ဟု ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဖေဖော်ဝါရီ ၁၅ ရက်က ပြုလုပ်သည့် ရှင်းလင်းပွဲတွင် မြန်မာ့ရတနာနဒီကုမ္ပဏီ အမှုဆောင်အရာရှိချုပ် မစ္စတာ ဒါတိုလျှောင်ကင်မွန်က ပြောသည်။

မြန်မာနိုင်ငံတွင် အကြီးစားသင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိရာ ယခုအခါ ငွေဝသုန်ကုမ္ပဏီများအုပ်စုဝင် မြန်မာ့ရတနာနဒီကုမ္ပဏီက တရုတ်နိုင်ငံ ဆင်ဟွာသင်္ဘောတည်ဆောက်ရေးဌာနနှင့် ပူးပေါင်းကာ *စာမျက်နှာ ၃ ကော်လံ ၃* ▲

ယနေ့ မာတိကာ

အီသီယိုးပီးယား ခရီးသည်တင်လေယာဉ် ပြန်ပေးဆွဲသူ တွဲဖက်လေယာဉ်မှူး ဆွစ်ဇာလန်ရဲတပ်ဖွဲ့ထံ အဖမ်းခံ *စာမျက်နှာ - ၄*

ယူရိုပါလိဂ်မှာ ထိပ်တန်းအသင်းတွေ အခြေအနေကောင်းပါ့မလား *စာမျက်နှာ - ၅*

တက်လှမ်းညီညီ ကျင့်ဝတ်နှင့်အညီ မီဒီယာကဏ္ဍသစ်ဆီ *ဆောင်းပါး* *စာမျက်နှာ - ၁၀*

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဖောင်ဒေးရှင်းတို့အား

လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖောင်ဒေးရှင်းများ၏ အခန်းကဏ္ဍသည် ထိပ်တန်းနေရာ၌ရှိသည်ဟု ဆိုရပေလိမ့်မည်။ ဤဖောင်ဒေးရှင်းအဖွဲ့အစည်းတို့သည်ကား အကျိုးအမြတ်မပါဘဲ စေတနာသက်သက်ဖြင့် ဆောင်ရွက်ကြသောကြောင့် ပြည်သူတို့အကြား လွန်စွာရေပန်းစား အောင်မြင်လေ့ရှိကြသည်ကို တွေ့ရပေသည်။

ဖောင်ဒေးရှင်း (Foundation) ဟူသည့် သဘောသည်ကား ငွေကြေးပြည့်စုံသူများက အရင်းအနှီးများ စိုက်ထုပေးထားပြီး အတိုးအပွားများဖြင့် ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ကိုယ်ကျိုးစီးပွားလုံးဝမပါဘဲ ဆောင်ရွက်ရသောလုပ်ငန်းဖြစ်ခြင်းကြောင့် အလွန်မွန်မြတ်သည့် အလုပ်ပင်ဖြစ်ပါသည်။ ဤဖောင်ဒေးရှင်း ပရဟိတလုပ်ငန်းများသည် ဆင်းရဲသားလူတန်းစားအများစုကို တိုက်ရိုက်အကျိုးပြုနေသော အဖွဲ့အစည်းများလည်း ဖြစ်ပါသည်။ ငွေကြေးမပြည့်စုံသူများအား တစ်ဖက်တစ်လမ်းမှ ကူညီပေးခြင်းလည်းဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံ၌ ဖောင်ဒေးရှင်းများ ပေါ်ပေါက်လာနေပြီဖြစ်သည်။ ကျန်းမာရေးနှင့် ပညာရေးဖောင်ဒေးရှင်းမှာ အများဆုံးဟုဆိုနိုင်သည်။ ကျန်းမာရေးဖောင်ဒေးရှင်းများ ပေါ်ပေါက်လာသဖြင့် ပြည်သူတို့ အခမဲ့ဆေးကုသခွင့်များ ရရှိလာသည်။ ပညာရေးဖောင်ဒေးရှင်းများ ပေါ်ပေါက်လာခြင်းဖြင့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအထောက်အပံ့များ ရရှိလာကြသည်။ လူမှုရေးဖောင်ဒေးရှင်းများကြောင့် လူမှုရေးအကူအညီများ ရရှိလာသည်။ သို့သော် စီးပွားရေးဖောင်ဒေးရှင်းများမှာ ပေါ်ပေါက်လာမှု အားနည်းနေသည်။ ဆင်းရဲနွမ်းပါးသူများအား ငွေကြေးအရင်းအနှီးထုတ်ပေးသည့် ဖောင်ဒေးရှင်းများ ပေါ်ပေါက်လာလျှင် ကောင်းမည်ဟု ယူဆမိသည်။

ဤကဲ့သို့သော ဖောင်ဒေးရှင်းများ နိုင်ငံအနှံ့တိုးပွားလာမည်ဆိုပါက ဆင်းရဲသောပြည်သူများအတွက် များစွာအထောက်အပံ့ဖြစ်လာနိုင်ပါသည်။ ကနေဒါရူပဗေဒပညာရှင် ဝီလျံအော်စလာက "ကျွန်ုပ်တို့ ဒီလောကကြီးထဲကို ရောက်နေတာဟာ ဘဝထဲကို တတ်အားသရွေ့ ဖြည့်ဆည်းပေးဖို့ပဲ ဖြစ်ပါတယ်။ ရယူဖို့ မဟုတ်ပါဘူး"ဟု ဆိုခဲ့လေသည်။

အမှန်စင်စစ် ဤဖောင်ဒေးရှင်းများသည် ယနေ့နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနေခြင်းပင်ဖြစ်ပါသည်။ သို့အတွက် ငွေကြေးနေအင်အား တောင့်တင်းသော အဖွဲ့အစည်းများ၊ ကုမ္ပဏီအုပ်စုများအနေဖြင့် ဤကဲ့သို့သော ဖောင်ဒေးရှင်းများ ထူထောင်ပေးရန်လိုပါက အလွန်ကောင်းမည်ဟု ယူဆမိပါသည်။ နိုင်ငံတစ်ဝန်း စေတနာအလျောက် ကူညီပေးသည့် အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ တိုးပွားလာခြင်းဖြင့် အခြေခံလူတန်းစားများအတွက် များစွာအကျိုးရှိလာမည် ဖြစ်ပါသည်။ ဖောင်ဒေးရှင်းအားကောင်းလာသည်နှင့်အမျှ ပြည်သူတစ်ရပ်လုံး ပညာရေးနှင့် ကျန်းမာရေးသာမက စီးပွားရေးလည်း တိုးတက်လာမည်ဖြစ်၍ လူမှုဘဝများ အမြန်ဆုံးတိုးတက် လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဂျပန်-မြန်မာစင်းလုံးငှားခရီးစဉ်များအပြင် ပုံမှန်ခရီးစဉ်များ တိုးချဲ့ပျံသန်းရန်စီစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတကာခရီးစဉ်များကို ပုံမှန် (Schedule)ခရီးစဉ်၊ စင်းလုံးငှား (Charter)ခရီးစဉ်များဖြင့် ပျံသန်းပေးနေသော အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI)နှင့် ဂျပန်နိုင်ငံအခြေစိုက် Hama Inc ကုမ္ပဏီတို့သည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI)ရုံးချုပ်၌ နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI)မှ Joint Venture ကုမ္ပဏီ Myanmar Airways International Japan Co.,Ltd အဖြစ် ဂျပန်နိုင်ငံတွင် Hama Inc နှင့် ပူးပေါင်း၍ ရုံးဖွင့်လှစ်မည်ဖြစ်ပြီး ဂျပန်-မြန်မာ လေယာဉ်ခရီးစဉ်များကို စင်းလုံးငှားခရီးစဉ်များအပြင် နေ့စဉ်ပုံမှန်ခရီးစဉ်များကိုပါ အမြန်ဆုံးတိုးချဲ့ပျံသန်းနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့အပြင် MAI လေကြောင်းလိုင်း တစ်ခုတည်းသာ ရန်ကုန်မှ တိုက်ရိုက်ပုံမှန် ခရီးစဉ်အဖြစ် ပျံသန်းနေသော ကမ္ဘောဒီးယားနိုင်ငံ စီရမ်ရိနှင့် ဖနောင်ပင်မြို့များကိုပါ ဂျပန်ခရီးသည်များအတွက် မြန်မာနိုင်ငံသို့ လည်ပတ်မည့်ခရီးစဉ်တွင် ဝင်ရောက်လည်ပတ် လေ့လာလိုပါက လည်ပတ်နိုင်ရန်အတွက်ပါ စီစဉ်ဆောင်ရွက်ထားမည်ဖြစ်သည်။

MAI လေကြောင်းလိုင်းသည် ခရီးသည်များအတွက် အထူးလုံခြုံစိတ်ချရမှုနှင့် ဘေးကင်းလုံခြုံမှုကို အဓိကထား၍ ပျံသန်းပေးနေသော Five Star အဆင့် လေကြောင်းလိုင်းဖြစ်သည့်အလျောက် လေယာဉ်ထိန်းသိမ်းမှုဆိုင်ရာအပိုင်း၊ Technical Support ကိုလည်း ကမ္ဘာ့ထိပ်တန်း Air France Industries နှင့် ချိတ်ဆက် လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် တစ်ခုတည်းသော IOSA လက်မှတ်ရပြီး ၁၉၉၃ ခုနှစ်မှစတင်ကာ ရာနှုန်းပြည့်စိတ်ချမှုအရှိဆုံး လေကြောင်းလိုင်းအဖြစ် ရပ်တည်၍ ဝန်ဆောင်မှုအပြည့်၊ ဈေးနှုန်းအသက်သာဆုံးဖြင့် မြန်မာ့ဓလေ့ ယဉ်ကျေးပျူငှာ နွေးထွေးမှုများဖြင့် ဆက်လက်ရပ်တည်သွားမည့် နိုင်ငံ့ဂုဏ်ဆောင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI) ဖြစ်သည်။

MAI လေကြောင်းလိုင်းသည် Airbus လေယာဉ်များဖြင့် ရန်ကုန်မှ ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ကွမ်ကျိုး၊ ဂါယာ၊ ဖနောင်ပင်၊ စီရမ်ရီမြို့များသို့ ပုံမှန်ပျံသန်းပေးလျက်ရှိပြီး Asiana Airlines, Korean Air, Malaysia Airlines တို့နှင့် Code Share ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

အောင်သူရ

ဟံသာဝတီအဝိုင်းလမ်းဆုံ မီးပွိုင့်များတပ်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်သောနေရာများအနက် ဟံသာဝတီအဝိုင်း လမ်းလေးခွဆုံနေရာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းနေရာရောက်သည်နှင့် မိမိစီးနင်းလာသောယာဉ်သည် အဝိုင်းကိုပတ်၍ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရန် အချိန်များစွာ ကြန့်ကြာသည်ကို ယာဉ်မောင်းသူများ၊ ယာဉ်စီးခရီးသည်များအားလုံးက သိရှိပြီးဖြစ်ကြသည်။

ယာဉ်ကြောကျပ်မှုကို ဖြေလျှော့ရန်ရည်ရွယ်ကာ ယင်းဟံသာဝတီအဝိုင်းပတ်လမ်း လေးခွဆုံနေရာ လေးဖက်လေးတန်တို့၌ အချက်ပြမီးပွိုင့်များကို တပ်ဆင်ပေးခဲ့သည်။ တပ်ဆင်ပြီးသော အချက်ပြမီးပွိုင့်များကို အချက်ပြစနစ်အတိုင်း စတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။ "ဒီမီးပွိုင့်တွေက တပ်ထားတာကြာပြီ။ ဒီနေ့မှစ အသုံးပြုတာ၊ ရန်ကုန်ကနေ အင်းစိန်ဘက်ကို ပထမတစ်ကြော မောင်းတုန်းက သိတောင်မသိလိုက်ဘူး။ အခု အင်းစိန်ဘက်ကနေ ရန်ကုန်ကိုအပြန်မှ သတိထားမိတာ၊ ယာဉ်ကြောရှုပ်ထွေးမှု ကင်းရှင်းသွားမှာလား။ ဒီအတိုင်းပဲဖြစ်နေမလားဆိုတာ မပြောတတ်သေးဘူး"ဟု မိမိစီးလာသော ယာဉ်မောင်းက ပြောကြားသည်ကို ကြားခဲ့ရသည်။

"ဘာပဲပြောပြော မီးပွိုင့်တပ်လိုက်တော့ ကားလမ်းဖြတ်ကူးရတာ လုံခြုံစိတ်ချရသွားတာပေါ့" ဟု ခရီးသည်တစ်ဦးက ပြန်လည်ပြောကြားခဲ့သည်။

ခင်ချိုဝင်း

ယာဉ်အန္တရာယ်ဖြစ်စေနိုင်သော အတားအဆီး

ပဲခူးမြို့ဘက်မှ ဘုရားကြီးဘက်သို့ထွက်သော ကလိကျေးရွာအလွန်ရှိ ပို့ဆက်ဂိတ်တွင် လမ်းမကြီးအလယ်၌ ဘယ်ရီဂိတ်တစ်ခု ချထားသဖြင့် ယာဉ်များသွားလာရာတွင် လွန်စွာအနှောင့်အယှက်ဖြစ်ပြီး ယာဉ်အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ယာဉ်များစစ်ဆေးရန် လိုအပ်ပါကလည်း ၎င်းဘယ်ရီဂိတ် ခေတ္တချထား၍ စစ်ဆေးပြီး ပြန်လည်သိမ်းဆည်းရမည်ဖြစ်ပါသည်။

ယခုအခါ ဘယ်ရီဂိတ်ကို အမြဲတစေချထားပြီး ရောင်ပြန်မတပ်ထားသဖြင့် ညအခါယာဉ်များ သွားလာရာတွင် အန္တရာယ်ဖြစ်ပေါ်နိုင်ပါသဖြင့် ဘယ်ရီဂိတ်ကို တာဝန်ရှိသူများက ယာဉ်အန္တရာယ်များ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သလို ဆောင်ရွက်နိုင်ရန် အကြံပြုရေးသား တင်ပြလိုက်ရပါသည်။ **(၁၈၃)**

UNIQUE STAR TRAVELS & TOURS

ဥရောပ (9) နိုင်ငံ + အင်္ဂလန် (TG) (16) Days Apr. 9, 12 (5,000,000)
အမေရိကား [S F, L V, Honolulu, L A, N Y, W.D.C, Niagara Fall] (KE) (20)D Apr. 6 (8,000,000)
ဩစတြေးလျ [Sydney, Melbourne, Brisbane, Gold Coast, Blue Mountain] (TG) (10)D Apr. 9,11 (4,200,000)
တောင်အာဖရိက [Johannesburg, Sun City, Pretoria, Cape Town] (TG) (10)D Apr. 11 (4,000,000)
ဂျပန် + ကိုရီးယား (10)D Apr. 12,13 (3,500,000) ဂျပန် (TG) (9)D Apr. 10,13 (2,900,000)
ကိုရီးယား (KE) (9)D Apr. 12 (2,200,000) ... (TG) (6)D Apr. 12 (2,500,000)
... (8)D Apr. 12 (1,800,000) ... (9)D Apr. 12 (1,700,000)
... (9)D Apr. 13 (1,800,000) ... (9)D Apr. 12 (1,650,000)
... (250,000), ... (250,000), ... (350,000)

(5), Asia Plaza, 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166
(70/A), Kabaaye Pagoda Rd., Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

NEW MOTION Travels & Tours

Apr - 07
Apr - 10
Apr - 10
Mar - 22
Mar - 27
Mar - 26
Mar - 21
Mar - 22

01-508124, 527254, 523253, 09 73148933-44-55-66
09 91021122, 09 43147879, 09 2590 33443, 09 5034185

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အင်ဒိုနီးရှား သမ္မတနိုင်ငံတွင် ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် အင်ဒိုနီးရှားသမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်၌ သံအမတ်ကြီး ဦးမင်းလွင် နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားစုများ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံး မိသားစုများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

အစွမ်းကုန်ကြိုးစားလုပ်ကိုင်

ယင်းသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော် သည် ၂၀၁၁ ခုနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်လာသည့် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြောင်း၊ ဒို့တာဝန် အရေး (၃)ပါးနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအာဏာကို ထိပါးမှု အန္တရာယ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးမှုအန္တရာယ်၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုအား ဖျက်ဆီးနှောင့်ယှက်မှု အန္တရာယ် များကိုကာကွယ်ရန် တပ်မတော်တွင် တာဝန်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို သွားနေကြောင်း၊ ဒီမိုကရေစီ သက်တမ်းနုနယ်သေးသည့်အတွက် စနစ်ကိုခိုင်မာအောင် အချိန်ပေးရန် လိုအပ်ကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို ခေါင်းဆောင်တိုင်း သည် တိုင်းပြည်ငြိမ်းချမ်းပြီး တိုးတက်စေချင်သည့်ဆန္ဒသာရှိပါကြောင်း၊ ငြိမ်းချမ်းတည်ငြိမ်သော နိုင်ငံတိုင်းသည် ဖွံ့ဖြိုးတိုးတက်ခြင်းအရသာကို ခံစားရကြောင်း၊ မိမိတို့နိုင်ငံအစိုးရနှင့် တပ်မတော်သည် ငြိမ်းချမ်းရေး အတွက် အစွမ်းကုန်ကြိုးစားလုပ်ကိုင်နေကြကြောင်း၊ မိမိတို့သည် ပြည်သူ လူထုအတွင်းမှ ပေါက်ဖွားလာသူများဖြစ်၍ တိုင်းပြည်နှင့်ပတ်သက်လာလျှင် ပြည်သူသာအမိ၊ ပြည်သူသာ အဖဆိုသည်မှာ အစစ်အမှန်ပင် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာသံရုံး၊ စစ်သံရုံး၊ အာဆီယံဆိုင်ရာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးတို့မှ ဝန်ထမ်းများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ဝန်ထမ်းများအား လက်ဆောင် ပစ္စည်းများပေးအပ်ပြီး သံအမတ်ကြီး ဦးမင်းလွင်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

(မြဝတီ)

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၁၄)ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ အမျိုးသားယဉ် ကျေးမှု ဗဟိုကော်မတီ၏ (၁/ ၂၀၁၄)ကြိမ်မြောက် အစည်းအဝေး ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်း တွင် ရန်ကုန်မြို့ ရှေးဟောင်းသုတေ သနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (ရန်ကုန်ဌာနခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေး မြင့်ကြူက ဗဟိုကော်မတီအနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် အဖြစ် သတ်မှတ်သင့်သည်ဟု ယူဆ သော ရှေးဟောင်းနေရာ၊ ရှေးဟောင်း အဆောက်အအုံ၊ ရှေးဟောင်းပစ္စည်း များကို ဖော်ထုတ်စာရင်းပြုစုခြင်း၊ သုတေသနပြုခြင်း၊ တိုင်းရင်းသားတို့ ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်း တို့အတွက် လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် အစည်းအဝေးကျင်းပခြင်း ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ဗဟိုကော်မတီ အတွင်း ရေးမှူး ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် က မဟာလောကမာရဇိန် ကုသိုလ် တော် ကျောက်စာချပ်များကို ကမ္ဘာ့ မှတ်တမ်း အမွေအနှစ်စာရင်းဝင် သတ်မှတ်ခံရမှု၊ ပျူရှေးဟောင်းမြို့ သုံးမြို့ဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့ကို ကမ္ဘာ့အမွေ အနှစ် စာရင်းဝင်ဖြစ်ရေးအတွက် ဖွဲ့စည်းထားသည့် ကော်မတီများနှင့် လုပ်ငန်းအဖွဲ့အသီးသီး၏ ဆောင်ရွက် နေမှုကို ရှင်းလင်းတင်ပြသည်။

ပျူမြို့ဟောင်းများ ရေရှည် ဆက်လက်ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု တို့နှင့်ပတ်သက်၍ လည်းကောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းရေး နှင့်စပ်လျဉ်း၍လည်းကောင်း ဗဟို ကော်မတီက ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မတ်လအတွင်း ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနက ၂၀၁၄ ခုနှစ် မတ်လအတွင်း နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော် ဆိုင်ကယ်နှင့်ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးမည်ဖြစ်၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးအကြောင်းကြား ထားကြောင်း သတင်းရရှိသည်။

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁	နေပြည်တော်	တပ်ကုန်း
၂	ရန်ကုန်တိုင်းဒေသကြီး	လှည်းကူး၊ဒလ
၃	မန္တလေးတိုင်းဒေသကြီး	မတ္တရာ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊
၄	ရှမ်းပြည်နယ်	ဟိုပုံး၊ ကွမ်းလုံ၊ ဟိုပန်၊ နမ့်ဆန်၊ ကျိုင်းလပ်
၅	ကချင်ပြည်နယ်	ဝိုင်းမော်၊ ရွှေကူ၊ ဟိုပင်
၆	ကရင်ပြည်နယ်	လှိုင်းဘွဲ့
၇	စစ်ကိုင်းတိုင်းဒေသကြီး	ယင်းမာပင်၊ ကျွန်းလှ၊ ကန့်ဘလူ၊ တမူး
၈	တနင်္သာရီတိုင်းဒေသကြီး	ပုလော
၉	ပဲခူးတိုင်းဒေသကြီး	ညောင်လေးပင်၊ ပန်းတောင်း
၁၀	မကွေးတိုင်းဒေသကြီး	ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ မင်းတပ်၊ စလင်း၊ အောင်လံ၊ မင်းလှ
၁၁	မွန်ပြည်နယ်	ရေး
၁၂	ရခိုင်ပြည်နယ်	ကျောက်ဖြူ၊ ရမ်းဗြဲ
၁၃	ဧရာဝတီတိုင်းဒေသကြီး	ကျောင်းကုန်း၊ မော်လမြိုင်ကျွန်း၊ ညောင်တုန်း၊ ပန်းတနော်၊ ဇလွန်

(သတင်းစဉ်)

▲ရှေ့ဖုံးမှ

မြန်မာနိုင်ငံတွင် သင်္ဘောများ တည် ဆောက်ရေးလုပ်ငန်း လုပ်ကိုင်တော့ မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သင်္ဘော တည်ဆောက်ရေး လုပ်ငန်းအပြင် သင်္ဘောများ၌လိုအပ်သောပစ္စည်း များ၊ ရေကြောင်းခရီးသွားလုပ်ငန်း အတွက် လိုအပ်သောပစ္စည်းကိရိယာ များနှင့်အခြားလိုအပ်သည့် အသုံး အဆောင်ပစ္စည်းများကိုလည်း ကူညီ ဆောင်ရွက်ဖြည့်ဆည်းပေးသွားမည် ဖြစ်သည်။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက် စေရန်အတွက် သင်္ဘောတည် ဆောက်ရေးလုပ်ငန်း ကျယ်ကျယ် ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု မှာ မြန်မာနိုင်ငံတွင်ရှိသော ရေယာဉ် နှင့် သင်္ဘောအများစုမှာ သက်တမ်း ရင့် ယာဉ်အရေအတွက် များပြား နေခြင်းကြောင့်ဖြစ်ပြီး ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်း ပိုမိုတိုးတက် ဖွံ့ဖြိုးရန်ရေယာဉ်အသစ်များ လိုအပ် လျက်ရှိနေသည်။

ထို့ကြောင့် သင်္ဘောတည်ဆောက် ရေးလုပ်ငန်းကို အကောင်အထည် ဖော်ဆောင်ရာတွင် ရန်ကုန်မြို့၌ သန်လျင်နှင့် ဒေါပုံဆိပ်ကမ်းနေရာ များထက် ပိုမိုကောင်းမွန်သောနေရာ မတွေ့ရှိသဖြင့် ယင်းနေရာများတွင် လုပ်ငန်းအကောင်အထည်ဖော်ရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရန်ကုန် မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်း ချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်း ဒေသများတွင် ညအပူချိန်များ အနည်း ငယ်လျော့နည်းနိုင်သည်။

တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC) ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပမည်၊ သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး အသိပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC) ထိပ်သီးအစည်းအဝေး မတိုင်မီ အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၁၆)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ် ၁ ရက်မှ ၂ ရက်အထိ နေပြည်တော်ရှိ ရွှေ့ကုမုဒြာဟိုတယ်၌လည်းကောင်း၊ (၁၄) ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့်အစည်းအဝေးနှင့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို မတ် ၃ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက် များအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုက်ဖြစ်သော www. thirdbimstecsummit.gov.mm ၌ HOME Page ရှိ MEDIA REGISTRATION ကိုနှိပ်၍ MEDIA REGISTRATION FORM တွင်ဖြည့်စွက်ကာ SUBMIT ပြုလုပ်ရန်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက် နောက်ဆုံးထားပေးပို့ရန်နှင့် ဝင်ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို မတ် ၁၊ ၂ ရက်အစည်းအဝေးမှစ၍ သတင်းရယူလိုသူများအတွက် ရွှေ့ကုမုဒြာ ဟိုတယ်တွင်လည်းကောင်း၊ မတ် ၃၊ ၄ ရက် အစည်းအဝေးသတင်းရ ယူလိုသူများအတွက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် လည်းကောင်း နေရာအလိုက် အစည်းအဝေးစတင်သည့်ရက် နံနက်ပိုင်းတွင် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာသတင်းထောက်များ အတွက် ဝင်ထွက်ခွင့် ကတ်/ဗီဇာကိစ္စတို့နှင့် ပတ်သက်၍ သိရှိလိုပါက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဖုန်း-၀၆၇-၄၁၂၅၀၉ သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၂၆ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ပြန်ပေးဆွဲခံရသည့် အီသီယိုးပီးယားခရီးသည်တင်လေယာဉ်ကို တွေ့ရစဉ်။

အီသီယိုးပီးယားခရီးသည်တင်လေယာဉ် ပြန်ပေးဆွဲသူ တွဲဖက်လေယာဉ်မှူး ဆွစ်ဇာလန်ရဲတပ်ဖွဲ့ထံအဖမ်းခံ

ဂျီနီဗာ ဖေဖော်ဝါရီ ၁၇

ပြန်ပေးဆွဲခံ အီသီယိုးပီးယားလေကြောင်းလိုင်း လေယာဉ်တစ်စင်း၏ တွဲဖက်လေယာဉ်မှူးတစ်ဦးသည် ဆွစ်ဇာလန်နိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံရေးအတွက် တနင်္လာနေ့တွင် ၎င်းစီးနင်းလိုက်ပါလာသော လေယာဉ်ကို အပိုင်စီးပြီးနောက် ဆွစ်ဇာလန်အာဏာပိုင်များထံ မိမိကိုယ်ကို အဖမ်းခံသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

လက်နက်ကိုင်ဆောင်ခြင်း မရှိသည့် အဆိုပါလေယာဉ်၏ ဒုတိယလေယာဉ်မှူးသည် သန့်စင်ခန်းသွားရန် လေယာဉ်မှူးအခန်းမှ လေယာဉ်မှူးထွက်ခွာနေစဉ် လေယာဉ်ကို အပိုင်စီးခဲ့ကြောင်း၊ ၎င်းသည်ဂျီနီဗာနိုင်ငံတကာလေဆိပ်သို့ လေယာဉ်ဆင်းသက်ပြီးနောက် ခရီးသည်များ (သို့မဟုတ်) လေယာဉ်အမှုထမ်းများကို ထိခိုက်နှောင့်ယှက်ခြင်းမပြုဘဲ လေယာဉ်မှူးအခန်း ပြတင်းပေါက်မှနေ၍ ထွက်ခွာခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ပဲယာရီးဂရင်ဂီယင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တွဲဖက် လေယာဉ်မှူးသည် လေယာဉ်ဆင်းသက်ပြီး မကြာခင် လေယာဉ်မှူးအခန်းမှ ထွက်ခွာပြီး ရဲတပ်ဖွဲ့ထံသွားရောက်ကာ မိမိသည် ပြန်ပေးဆွဲသမားဖြစ်ကြောင်း၊ မိမိသည် မိခင်နိုင်ငံတွင် လုံခြုံမှုမရရှိသည့်အတွက် နိုင်ငံရေးခိုလှုံခွင့်တောင်းခံလိုခြင်းဖြစ်ကြောင်း ဖွင့်ဟသည်ဟု ဂရင်ဂီယင်က ပြောကြားသည်။

ရဲတပ်ဖွဲ့သည် လေယာဉ်ပြေးလမ်းအဆုံး၌ ရပ်နားထားသော လေယာဉ်မှ လက်မြှောက်လျက် ထွက်ခွာလာသော ခရီးသည်များကို စစ်ဆေးခဲ့ကြသည်ဟု ရိုက်တာသတင်းထောက်တစ်ဦးက ပြောကြားသည်။

လေယာဉ်အမှတ်စဉ် ET 702 ဂျက်လေယာဉ်သည် တနင်္ဂနွေနေ့ ညနေပိုင်းက အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘားမြို့တော်မှ အီတလီနိုင်ငံ ရောမမြို့တော်သို့ ဦးတည်ထွက်ခွာလာပြီးနောက် ကမ္ဘာ့စံတော်ချိန် ဝ၃း၃ဝ အချိန်တွင် အီတလီနိုင်ငံမြောက်ပိုင်း ကောင်းကင်ယံ၌ ပြန်ပေးဆွဲခံရပြီး ဒေသစံတော်ချိန် ၆ နာရီ ၂ မိနစ်တွင် ဂျီနီဗာလေဆိပ်သို့ ဆင်းသက်ခဲ့သည်ဟု ဂရင်ဂီယင်က ပြောကြားသည်။

၁၉၈၃ ခုနှစ်တွင် မွေးဖွားသည့် အီသီယိုးပီးယားနိုင်ငံဖွား အဆိုပါ တွဲဖက်လေယာဉ်မှူးသည် လေယာဉ်မှူး သန့်စင်ခန်းသွားနေစဉ် သန့်စင်ခန်းသွားရောက်ရာ တံခါးကိုပိတ်ပြီး ဂျီနီဗာ၌ လေယာဉ်ဆီပြန်ဖြည့်ရန် တောင်းဆိုကာ လေယာဉ်ဆင်းသက်စေခဲ့ပြီးနောက် လေယာဉ်မှူးအခန်းတံခါးမှနေ၍ အရေးပေါ်ထွက်ပေါက်တွင်ထားရှိသော ကြိုးဖြင့်ဆင်းသက်လျက် မိမိကိုယ်ကို အဖမ်းခံခဲ့ကြောင်း ဂရင်ဂီယင်က ပြောကြားသည်။

ပြည်ပတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသည့် နောက်ဆုံးအီသီယိုးပီးယား အရာရှိကြီးတစ်ဦးမှာ ပြန်ကြားရေးဝန်ကြီး အာရ်မီးယားစ်လဲဂဲဆစ်ဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရသည်။

တနင်္လာနေ့နံနက်က ဖြစ်ပွားသည့်ဖြစ်ရပ်ကြောင့် ခရီးတိုလေယာဉ်ခရီးစဉ်တချို့ ရွှေ့ဆိုင်းခဲ့ရပြီး ဂျီနီဗာလေဆိပ်သို့ ဆင်းသက်လာမည့် လေယာဉ်တချို့ကိုလည်း အခြားလေဆိပ်များတွင် လမ်းကြောင်းပြောင်းကာ ဆင်းသက်စေခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ/ရိုက်တာ

နိုင်ဂျီးရီးယား၌ ရွာသားများ အစုအပြုံလိုက် အသတ်ခံရ

အဘူဂျာ ဖေဖော်ဝါရီ ၁၇

နိုင်ဂျီးရီးယားနိုင်ငံ ရွာတစ်ရွာ၌ အစ္စလာမ္မစ် စစ်သွေးကြွများဟု သံသယရှိသူများက ဝင်ရောက်စီးနင်းပြီး ဒါဇင်ပေါင်းများစွာသော ပြည်သူများကို အစုအပြုံလိုက် သတ်ဖြတ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

အဆိုပါ သေနတ်သမားများက အီဂီကျေးရွာရှိ အမျိုးသားအုပ်စုတစ်စုကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ပစ်သတ်လိုက်ကြသည်ဟု ဆိုသည်။ ယင်းတိုက်ခိုက်မှု နောက်ကွယ်တွင် ဘိုကိုဟာရမ် အုပ်စုရှိနိုင်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဘိုကိုဟာရမ်အဖွဲ့သည် နိုင်ဂျီးရီးယားမြောက်ပိုင်း၌ အစ္စလာမ္မစ်ပြည်နယ်ထူထောင်ရန် တိုက်ပွဲဝင်နေခြင်းဖြစ်သည်။ ယင်းတို့သည် နိုင်ဂျီးရီးယားနိုင်ငံအတွင်း မကြာခဏ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

ယခုနောက်ဆုံး တိုက်ခိုက်မှုအတွင်း လူပေါင်း ၁ဝ၆ ဦး သေဆုံးသွားခဲ့ကြောင်း တိုက်ခိုက်မှုဖြစ်ပွားရာနေရာ ဘော်နိုပြည်နယ်အမတ်က ပြောကြားသည်။ အစ္စလာမ္မစ် စစ်သွေးကြွ ၁ဝဝ ခန့်သည် အဆိုပါ အီဂီရွာကို ငါးနာရီကြာ ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက ဝင်ရောက်စီးနင်းတိုက်ခိုက်သွားသည်။ ထိုအတောအတွင်း စစ်တပ်က မည်သည့်တားဆီးမှုမျှ မပြုလုပ်ခဲ့ဟုဆိုသည်။

လွန်ခဲ့သော သီတင်းပတ်က အစိုးရတပ်ဖွဲ့ဝင် ကိုးဦး ချုံခိုတိုက်ခိုက်ခံရပြီးနောက် စစ်တပ်သည် ယင်းဒေသမှ မကြာမီက ရုပ်သိမ်းသွားခဲ့သည်။ သေဆုံးသူအချို့မှာ သေနတ်နှင့် ပစ်သတ်ခံရပြီး အချို့မှာ လည်လှီးသတ်ခံရကြောင်း အီဂီကျေးရွာမှ ထွက်ပြေးလွတ်မြောက်လာသူများက ပြောကြားသည်။ **(ဘီဘီစီ)**

ဆီးရီးယားပြည်တွင်းစစ်အတွင်း ဟစ်ဇ်ဘိုလာတို့ ဆက်လက်တိုက်ခိုက်မည်

လက်ဘနွန် ဖေဖော်ဝါရီ ၁၇

လက်ဘနွန်ရှီးယိုက်ဟစ်ဇ်ဘိုလာ လှုပ်ရှားမှုစစ်သွေးကြွခေါင်းဆောင် နာဆရာလာနှင့်အဖွဲ့က ယင်းတို့ အဖွဲ့ဝင်များအနေဖြင့် ဆီးရီးယားပြည်တွင်းစစ်အတွင်း အစိုးရတပ်ဖွဲ့ဝင်များနှင့်အတူ ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အာရပ်ကမ္ဘာရှိ နိုင်ငံရေးဆိုင်ရာတပ်များအား ဆီးရီးယားစစ်ပွဲကို ရပ်တန့်သွားရန် ၎င်းကဆော်ဩတိုက်တွန်းလိုက်ခြင်းကို ဖေဖော်ဝါရီ ၁၆ ရက်က ရုပ်မြင်သံကြားမှတစ်ဆင့် သတင်းထုတ်လွှင့်ခဲ့သည်။ အာရပ်တပ်များ တိုက်ခိုက်မှု ရပ်ဆိုင်းပေးပါက မိမိတို့တပ်များလည်း ဆီးရီးယားမှထွက်ခွာပေးမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ဟစ်ဇ်ဘိုလာတပ်များသည် ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ် အစိုးရကို ထောက်ခံတိုက်ပေးသူများဖြစ်သည်။ ထိုအတောအတွင်း လက်ဘနွန်ဆွန်နီမွတ်ဆလင်များက ဆီးရီးယားအတိုက်အခံတို့အား ထောက်ခံအားပေးလျက်ရှိသည်။ လက်ဘနွန်မြို့တော် ဘေရွတ်နှင့်ထရီပိုလီမြောက်ပိုင်းတို့၌ မကြာသေးမီလများက အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ဒါဇင်နှင့်ချီသော ပြည်သူများ သေဆုံးခဲ့ရသည်။ ယင်းတိုက်ခိုက်မှုများအပေါ် ဆွန်နီနှင့်ရှီးယိုက်တို့အား အပြစ်ဖို့ပြောဆိုလျက်ရှိသည်။ **(ဘီဘီစီ)**

ပျောက်ဆုံးနေသောလေယာဉ် ပြန်လည်ရှာဖွေတွေ့ရှိ

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁၇

နီပေါနိုင်ငံ အာဂါခန်ချီအနောက်ပိုင်းခရိုင်၌ လူ ၁၈ ဦးနှင့်အတူ ပျောက်ဆုံးနေသော ခရီးသည်တင်လေယာဉ်အပျက်အစီးများကို တွေ့ရှိခဲ့ပြီဖြစ်ကြောင်း နီပေါနိုင်ငံအရာရှိများက ပြောကြားသည်။

နီပေါအဲလိုင်းပိုင်လေယာဉ်သည် ပေါ့ဟာယာ အပန်းဖြေစခန်းမြို့မှ ဂျမ်လာမြို့သို့ ဖေဖော်ဝါရီ ၁၆ ရက်က ပျံသန်းလာစဉ် မိနစ်အနည်းငယ်ကြာအထိ အဆက်အသွယ်ရပြီးနောက် တောင်ကုန်းတစ်ခုနား၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အရာရှိ၏ ပြောကြားချက်အရ သိရသည်။ ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေမှုပြုလုပ်ခဲ့ရာ မီးလောင်ကျွမ်းထားသော လေယာဉ်အပိုင်းအစများနှင့် လေယာဉ်အမြီးပိုင်းကိုတွေ့ရပြီး အသက်ရှင်ကျန်ရစ်သူ တစ်ဦးတစ်ယောက်မျှ မတွေ့ရကြောင်း ရှာဖွေသူများက ပြောဆိုခဲ့သည်။ လေယာဉ်ခရီးသည် စာရင်းများအရ ဒိန်းမတ်နိုင်ငံသား တစ်ဦးပါဝင်ပြီး ကလေးတစ်ဦးအပါအဝင် ခရီးသည် ၁၅ ဦးနှင့် လေယာဉ်အမှုထမ်း သုံးဦးပါဝင်ကြောင်း၊ ၎င်းခရီးစဉ်မှာ ခတ္တမန္ဒူမြို့မှ စတင်ပျံသန်းလာခဲ့ရာ ပေါ့ဟာယာမြို့၌ လောင်စာဆီဖြည့်ပြီး ဆက်လက်ပျံသန်းစဉ် ယခုကဲ့သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် စက်တင်ဘာလကလည်း ခတ္တမန္ဒူလေဆိပ်အနီး၌ လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ၁၃ ဦး သေဆုံးခဲ့သည်။ ၁၉၄၉ ခုနှစ်ကတည်းက ရဟတ်ယာဉ်နှင့် လေယာဉ်များ ပျက်ကျမှုအကြိမ် ၇၀ မက ရှိခဲ့ရာ လူ ၇၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

(ဘီဘီစီ)

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းဒေသ၌ ခရီးသွားဧည့်သည်တင်ဘတ်စ်ကား ဗုံးခွဲတိုက်ခိုက်ခံရ

ဆိုင်းနိုင်း ဖေဖော်ဝါရီ ၁၇

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ ပြည်ပခရီးသွားဧည့်သည်များတင်ဆောင်လာသည့် ခရီးသည်တင် ဘတ်စ်ကားတစ်စီးကို ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ တောင်ကိုရီးယားနိုင်ငံသားသုံးဦးနှင့် အီဂျစ်နိုင်ငံသားတစ်ဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်ခံရမှုတွင် အခြား တောင်ကိုရီးယားနိုင်ငံသား ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ၎င်းခရီးသည်တင် ဘတ်စ်ကားသည် အစ္စရေးဘက်ဆီသို့ ဖြတ်ကူးရန်ကြိုးစားနေစဉ် ယင်းကဲ့သို့ဖောက်ခွဲခံရမှု ဖြစ်ပွားခြင်း ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောကြားချက်အရ တိုးရစ်ဂိုက် ကိုရီးယားလူမျိုးနှစ်ဦးနှင့် အီဂျစ်လူမျိုးတစ်ဦးအပါအဝင် ပြည်ပနိုင်ငံခြားသား ခရီးသည် ၃၁ ဦးလိုက်ပါလာကြောင်း သိရသည်။ဘတ်စ်ကားအတွင်းပိုင်းရော၊ အပြင်ပိုင်းပါ ပြင်းထန်စွာပေါက်ကွဲပျက်စီးသွားသည်ဟုသိရပြီး အသေးစိတ်ကိုမူ တိတိကျကျ မသိရသေးပေ။ ဆိုင်းနိုင်းကျွန်းဆွယ်ဒေသသည် ၂၀၁၁ ခုနှစ် သမ္မတမူဘာရက် ဖြုတ်ချပြီးချိန်ကတည်းကစကာ ဥပဒေမဲ့မှုများ တိုးပွားလျက်ရှိနေရာ နေရာတစ်ခုဖြစ်သည်။ **(ဘီဘီစီ)**

အမေရိကန်ကောင်စစ်ဝန်သုံးဦး ဗင်နီဇွဲလားသမ္မတနှင်ထုတ်

ကရာကာ့စ် ဖေဖော်ဝါရီ ၁၇

ဗင်နီဇွဲလားသမ္မတ နီကိုလတ်မာဒူရိုက အစိုးရဆန့်ကျင် ဆန္ဒပြမှုတွင် ပါဝင်သော ကျောင်းသားကျောင်းသူများနှင့် ဆက်နွယ်သည့် အမေရိကန် ကောင်စစ်ဝန်သုံးဦးအား ဗင်နီဇွဲလားနိုင်ငံမှ နှင်ထုတ်ထားသည်။ ဗင်နီဇွဲလားနိုင်ငံ၌ နိုင်ငံရေးတင်းမာမှုများ ကြီးထွားလာပြီး ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိသည်။

လွန်ခဲ့သော သီတင်းပတ်က ပဋိပက္ခအတွင်း သုံးဦးသေဆုံးမည့် အနေအထားအဖြစ်သို့ရောက်ခဲ့သည်။

အစိုးရက အင်္ဂါနေ့တွင် မြို့တော် ကရာကာ့စ်၌ဆန္ဒပြပွဲကို ဦးဆောင်ဦးရွက်ပြုလုပ်မည့် အတိုက်အခံခေါင်းဆောင် လီယိုပိုဒိုလိုပက်ဇ်အား ဖမ်းဝရမ်းထုတ်လိုက်သည်။ အတိုက်အခံဆန္ဒပြသူများအား ဖမ်းဆီးထားမှုအပေါ် အမေရိကန်က စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အမေရိကန် ကောင်စစ်ဝန် သုံးဦးကို နှင်ထုတ်ရန် ကြေညာသော်လည်း အမည်ဖော်ပြခြင်းမရှိပေ။ သို့သော်လည်း နိုင်ငံခြားရေးရုံးက နောက်ပိုင်းတွင် အသေးစိတ်ကြေညာမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

နိုင်ငံတကာအားကစားသတင်း

ယူရိုပါလိဂ်မှာ ထိပ်တန်းအသင်းတွေ အခြေအနေကောင်းပါ့မလား

ယူရိုပါလိဂ် (၃၂) သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၀ ရက်မှာ ယှဉ်ပြိုင်ကြမှာဖြစ်လို့ စီးရီးအေကလပ်အသင်းတွေရဲ့ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကြိုးစားမှုတွေကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ စီးရီးအေကလပ်တွေ အခြေအနေကောင်းနိုင်ပေမယ့် အင်္ဂလန်ကလပ်တွေအတွက်တော့ ပွဲကျပ်တွေအဖြစ် မြင်တွေ့ကြရဦးမှာဖြစ်တာမို့ ရင်ပူစရာတော့ ကောင်းနေပြန်ပါတယ်။ ဒါပေမယ့် နောက်တစ်ဆင့်တက်ရေးဆိုတာ အခုပွဲစဉ်တွေမှာ ပြတ်သားတဲ့ရလဒ်တွေ ပုံဖော်နိုင်မှုဖြစ်တာမို့ အကြိတ်အနယ်ရှိဦးမယ့်ပွဲတွေ ဖြစ်ပါတယ်။

ဂျူဗင်တပ်စ်နှင့် ထရက်ဗွန်စပေါ

တူရကီကလပ် ထရက်ဗွန်စပေါဟာ ယူရိုပါလိဂ် အုပ်စုပွဲစဉ်တွေ ကစားခဲ့တာ ရှုံးပွဲတော့မရှိခဲ့ပါဘူး၊ ဒါပေမယ့် အခုလတ်တလော သုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင်တော့ တစ်ပွဲမှနိုင်ပွဲမရခဲ့ပါဘူး၊ ဒါကြောင့် ရလဒ်ဆိုးရွားနေတဲ့ ထရက်ဗွန်စပေါတို့ အခုပွဲအဝေးကွင်းမှာ ပွဲမချောင်ပါဘူး၊ ဂျူဗင်တပ်စ်ဟာ စီးရီးအေမှာတော့ ခြေစွမ်းအကောင်းဆုံးပြသနိုင်နေတဲ့ အသင်းဖြစ်ပြီး အသင်းလိုက်ကစားသမားစုဖွဲ့မှုလည်း ကောင်းနေတာမို့ အခုပွဲမှာတော့ အိမ်ရှင်ဂျူဗင်တပ်စ်ကို ကျော်လွှားနိုင်ဖို့ မလွယ်ပါဘူး။

အက်စ်ဘတ်နှင့် ဖီအိုရင်တီးနား

ဒဏ်ရာရနေတဲ့ ကစားသမားတွေ ပြန်လည်ကစားနိုင်ပြီမို့ ဖီအိုရင်တီးနားဟာ အောင်ပွဲခံစိတ်ဓာတ်နဲ့ အက်စ်ဘတ်ကွင်းကို ချီတက်လာပါလိမ့်မယ်။ ဖီအိုရင်တီးနားတို့က ပုံမှန်ခြေစွမ်းရအောင် ကြိုးစားနေပြီး ဒီပွဲရဲ့ တိုက်စစ်ကို အပြောင်းအလဲပြုလုပ်မယ်လို့လည်း ဆိုနေတာမို့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ အက်စ်ဘတ်နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ တစ်ပွဲမှအနိုင်မရခဲ့တာမို့ ဖီအိုရင်တီးနားဟာ အက်စ်ဘတ်ကို သင်ခန်းစာတွေပေးပြီး အိမ်ပြန်ပါလိမ့်မယ်။

ဒီနီပရိုနှင့် စပါး

ဒီပွဲဟာ ထူးခြားတဲ့ယှဉ်ပြိုင်မှုဖြစ်ပါတယ်။ ဒီနီပရိုအသင်းရဲ့ နည်းပြဟာ စပါးအသင်းကို ကိုင်တွယ်ခဲ့တဲ့ ရာမိုစ်ဖြစ်တာမို့ အသင်းနဲ့ ပြန်ဆုံရတဲ့ပွဲပါပဲ။ ယူကရိန်းကလပ် ဒီနီပရိုအသင်းဟာ ခြေမှန်တဲ့အသင်းတော့မဟုတ်ပါဘူး၊ ဒါပေမယ့် နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်ငါးပွဲမှာ နိုင်ပွဲအကုန်ရထားတာမို့ စပါးတို့အခက်ကြုံနိုင်ပါတယ်။ ဒါပေမယ့် ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတဲ့ စပါးတို့ကလည်း အနိုင်ဆိုတာ သူတို့အတွက်လို့ ယုံကြည်ထားတာမို့ ဒီပွဲရလဒ်က သရေလည်း ဖြစ်သွားနိုင်တဲ့ပွဲပါပဲ။

ဆွမ်ဆီးနှင့် နာပိုလီ

နည်းပြလော့ဒရပ် အထုတ်ခံရလောက်အောင် ရလဒ်ပိုင်းဆိုးရွားနေတဲ့ ဆွမ်ဆီးဟာ အခုပွဲ အိမ်ကွင်းဖြစ်ပေမယ့် ပြိုင်ဘက်က နာပိုလီဖြစ်နေတာမို့ ခက်ခဲပါဦးမယ်။ နာပိုလီနည်းပြ ဘင်နီတက်ဇ်ဟာ ဆွမ်ဆီးကလပ်ရဲ့ အားနည်းချက်ကို သိထားသူဖြစ်တာမို့ ဆွမ်ဆီးတို့ အားထည့်နိုင်မှ တော်ကာကျမယ့်အနေအထားရှိပါတယ်။ နာပိုလီတို့က ယူရိုပါလိဂ်ဖလားကို မျှော်လင့်ထားတာမို့ အခုပွဲမှာ အကောင်းဆုံးရလဒ်ရရှိအောင် စွမ်းဆောင်မယ့် အနေအထားရှိပါတယ်။ နာပိုလီရဲ့နောက်ဆုံး သုံးပွဲရလဒ်ကိုကြည့်ရင် ရလဒ်ကောင်းခဲ့တာများပါတယ်။ နာပိုလီဟာ ယူရိုပါလိဂ်ဖလားကို မျှော်မှန်းနေတာမို့ ဒီပွဲမှာ ခြေကုန်ထုတ်ပါလိမ့်မယ်။

ပေါ်တိုနှင့် ဖရန့်ဖတ်

ဒီနှစ် ချန်ပီယံလိဂ်ဖလားကို မျှော်မှန်းခဲ့ပေမယ့် မရဘဲ ပြိုင်ပွဲကထွက်လာတဲ့ ပေါ်တိုဟာ ယူရိုပါလိဂ်ဖလားကို အာရုံစိုက်နေတာမို့ ဒီပွဲစဉ်တွေမှာ အနိုင်ကစားပါလိမ့်မယ်။ ဒါပေမယ့် ပေါ်တိုရဲ့ လက်ရှိခြေစွမ်းက အားရစရာမရှိဘဲ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ ခက်ခဲစွာနိုင်ပွဲရအောင် အားထုတ်ထားရတဲ့ အနေအထားရှိပါတယ်။ ဖရန့်ဖတ်တို့လည်း ဘွန်ဒက်စ်လီဂါမှာ ရလဒ်တွေဆိုးရွားနေတာမို့ အိမ်ရှင်ပေါ်တိုဟာ ဒီပွဲမှာ နိုင်အောင်ကစားပြီး နောက်တစ်ဆင့်တက်နိုင်ရေး စွမ်းဆောင်ပါလိမ့်မယ်။

ဒိုင်နမိုကိဗ်နှင့် ဗလင်စီယာ

လက်ရှိ အချိန်မှာတော့ ခြေရည်တူနေတဲ့ အသင်းတွေဖြစ်တာမို့ အပြန်အလှန်ဖိအားပေးကစားပြပါလိမ့်မယ်။ ဒီနှစ်သင်းဟာ ယူရိုပါလိဂ်ပွဲစဉ်တွေမှာ ဆုံတွေ့ခဲ့တဲ့ နှစ်ကြိမ်လုံး သရေပွဲတွေချည်းဖြစ်ခဲ့တာမို့ ဒီပွဲမှာ ပြတ်သားတဲ့ရလဒ်ကို ပုံဖော်နိုင်ဖို့ အပြိုင်ကြိုးစားပါလိမ့်မယ်။ အကြိုက်က ဗလင်စီယာဖြစ်ပေမယ့် အိမ်ရှင်ရဲ့ ရှန်းအားက အလေးထားစရာဖြစ်တာမို့ သရေရလဒ်နဲ့ အဆုံးသတ်ဖို့ များနေပါတယ်။

မိုးမြင့်လင်းလက်

ဘာစီလိုနာ လာလီဂါမှာ အမှတ်တူဖြင့်ဦးဆောင်

စပိန်လာလီဂါတွင် ရီးရဲမက်ဒရစ်က ဂီတာဖေးကို သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်ပြီးနောက် ဘာစီလိုနာ၊ အက်သလက်တီကိုအသင်းတို့နှင့်အတူ ဇယားထိပ်တွင် အမှတ်တူသော်လည်း ဘာစီလိုနာက ဂိုးကွာခြားချက်ဖြင့် ဦးဆောင်နေပြီး ရီးရဲက ဒုတိယနေရာတွင် ရပ်တည်နေသည်။

ယင်းပွဲတွင် ပွဲပယ်ခံရသော စီရိုနယ်ဒို မပါဝင်ပေ။ ဂျီဆေးက ဂါရက်ဘေးလ်၏ ဖြတ်တင်ဘောမှ ရီးရဲအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဘင်ဇီမာက ဒုတိယဂိုးကို အနီးကပ်သွင်းယူခဲ့သည်။ မိုဒရစ်က ၁၈ ကိုက်အကွာမှ တတိယဂိုးသွင်းယူခဲ့သည်။ ရီးရဲမက်ဒရစ်သည် ဘာစီလိုနာကို ဖိအားပေးနေဆဲ ဖြစ်သည်။ ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင်လည်း ဘာစီလိုနာနှင့် ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ ရီးရဲမက်ဒရစ်သည် နောက်ဆုံးကစားခဲ့သော ၁၄ ပွဲတွင် ၁၃ ပွဲ နိုင်ထားသည်။

မက်ဆီဂိုးအများဆုံးသွင်းသူ ဖြစ်လာနိုင်

အာဂျင်တီးနား တိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် လာလီဂါသမိုင်းတွင် တတိယအကြိမ်မြောက် ဂိုးအများဆုံးသွင်းယူသူ ဖြစ်လာပြီးနောက် အားလုံးသော စံချိန်များကို ချိုးနိုင်သူဖြစ်လာနိုင်ကြောင်း ဘာစီလိုနာ နည်းပြ ဂါရာဒိုမာတီနိုက ပြောသည်။

အသက် ၂၆ နှစ်ရှိ တိုက်စစ်မှူး မက်ဆီသည် စနေနေ့က ဗယ်လက်ကာနိုအသင်းကို ဘာစီလိုနာက ခြောက်ဂိုးပြတ်သွင်းယူပြီး အနိုင်ရရှိခဲ့စဉ် မက်ဆီက နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ၎င်းသည် ရီးရဲမက်ဒရစ် တိုက်စစ်မှူးဟောင်း ရာအူးလ်သွင်းယူခဲ့သော ၂၂၈ ဂိုးကို သွင်းယူခဲ့ပြီဖြစ်သည်။ ၎င်း၏ ၂၂၈ ဂိုးသည် ရီးရဲမက်ဒရစ် ကစားသမားဟောင်း အဲဖရက်ဒိုဒီစတီဖာနိုက ၃၅၉ ပွဲတွင် ၂၂၇ ဂိုး သွင်းယူမှုအထက်၌ရှိသည်။ မက်ဆီသည် စပိန်လာလီဂါသမိုင်းတွင် ဂိုးအများဆုံးသွင်းသူ ဖြစ်လာနိုင်သည်။

ကောင်းမြတ်သူ-စုစည်းသည်

အာဆင်နယ် လီဗာပူးကိုရှုံးကြွေးဆပ်

အက်ဖ်အေဖလား ပဥ္စမအကျော့အဖြစ် အာဆင်နယ်နှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားစဉ် အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ အာဆင်နယ်အတွက် ချန်ဘာလိန်းနှင့် ပိုဒေါ်စကီးတို့က သွင်းယူခဲ့သည်။

လီဗာပူးအတွက် ချေပဂိုးကို ဂျရတ်က ပွဲချိန် ၅၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းခဲ့သည်။ အာဆင်နယ်က လွန်ခဲ့သော သီတင်းပတ်တွင် လီဗာပူးကို ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကို ပြန်လည်ရှုံးကြွေးဆပ်နိုင်ခဲ့သည်။

ချန်ပီယံလိဂ် ၊ ချန်ပီယံရှစ် ပွဲစဉ်များနှင့် ဂိုးရလဒ်များ (သီဟ)

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပွဲစဉ်များ			ဖေဖော်ဝါရီ ၁၉
မန်စီးတီး	-	ဘာစီလိုနာ	နံနက် ၂း၁၅
လေဗာကူဆင်	-	ပီအက်စ်ဂျီ	နံနက် ၂း၁၅
အင်္ဂလန်ချန်ပီယံရှစ် ပွဲကျန် ပွဲစဉ်များ			**ဖေဖော်ဝါရီ ၁၉**
ယီအိုဗွီး	-	ဝက်ဖို့ဒ်	နံနက် ၂း၁၅
ဝီဂန်	-	ဘန်စလေ	နံနက် ၂း၁၅
ရှက်ဖီးဝမ်းနက်စ်ဒေး	-	ဒါဘီ	နံနက် ၂း၁၅

မန်စီးတီး Vs ဘာစီလိုနာ

ချန်ပီယံလိဂ် ၁၆အသင်းအဆင့်တွင် လိဂ်နှစ်ခုရဲ့ ထိပ်တန်းအသင်းကြီးနှစ်သင်း တွေ့ဆုံတဲ့ပွဲတွင် မန်စီးတီးမှာ ပရီမီယာလိဂ်တွင် အဆင့်သုံးနေရာတွင် ရပ်တည်နေပြီး ဘာကာမှာ စပိန်လာလီဂါတွင် အမှတ်တူဂိုးကွာခြားချက်နဲ့ ဇယားထိပ်ဆုံးမှာ ရှိနေပါတယ်။ မန်စီးတီးနောက်ဆုံးအိမ်ကွင်းငါးပွဲ ပရီမီယာလိဂ်တွင်လေးပွဲနိုင်ပြီး တစ်ပွဲရှုံးထားပါတယ်။ ဘာကာက လာလီဂါမှာ နောက်ဆုံးအဝေးကွင်းငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ နှစ်သင်းစလုံးက တိုက်စစ်ပိုင်းကို အသားပေးပြီး အဂူရိုမရှိတဲ့ မန်စီးတီး တိုက်စစ်က အားနည်းနေပေမယ့် ဒဏ်ရာသက်သာလာတဲ့ နာဆရီ ပြန်ကစားနိုင်ဖွယ်ရှိပြီး ယာယာတိုရေးကလည်း အသင်းဟောင်းရဲ့ အားနည်းချက်တွေကို အားပြုကစားမှာဖြစ်ပါတယ်။ ဘာကာလိုအသင်းမျိုးကို တိုက်စစ်ဖွင့်ကစားရင် အန္တရာယ်ရှိနိုင်လို့ မန်စီးတီးနောက်တန်းတွေ သတိထားရမှာပါ။ ဘာစီဟာ အဝေးကွင်းမှာ အနည်းဆုံးသရေ တစ်မှတ်တော့ အရယူမှာဖြစ်ပြီး ဂိုးမြူးမယ့်ပွဲပါပဲ။

လေဗာကူဆင် Vs ပီအက်စ်ဂျီ

ချန်ပီယံလိဂ် ၁၆အသင်းဆင့်တွင် ဂျာမန်မြေမှာ ဧည့်ခံကစားမယ့် လေဗာကူဆင်က ဘွန်ဒက်စ်လီဂါမှာ အဆင့်နှစ်နေရာတွင် ရပ်တည်နေပြီး ဧည့်သည် ပီအက်စ်ဂျီကတော့ ပြင်သစ်လီဂူးတွင် ဇယားထိပ်ဆုံးမှ ဦးဆောင်၍ အဝေးကွင်းနောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ လေဗာကူဆင်ကလည်း နောက်ဆုံးအိမ်ကွင်းငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးထားပါတယ်။ ဂျာမန်သားတွေ အိမ်ကွင်းမာကျောမှုကို ဒီပွဲမှာ သက်သေပြရမှာဖြစ်ပြီး ဧည့်သည်ပီအက်စ်ဂျီအသင်းကို မိုဗစ်ကယ်တင်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဂိုးမြူးတတ်တဲ့ ဂျာမန်သားတွေကို အကြိုက်တွေ့မိပါတယ်။

ဖေဖော်ဝါရီ ၁၆/၁၇ ဂိုးရလဒ်များ

လိုင်ယွန်	၃-၁	အဂျာစီယို
အီဗီယန်	၂-၂	လိုင်လီ
စိန့်အက်တီယန်	၁-၁	မာဆေး
အော့စ်ဘတ်	၀-၁	နူရင်ဘတ်
ဟာသာဘာလင်	၁-၂	ဝုဖ်ဘတ်
ကာတာနီးယား	၃-၁	လာဇီယို
ဂျူဗင်တပ်စ်	၃-၁	ချီယေဗို
ကက်ဂလီယာရီ	၁-၂	လီဗော်နို
ဆက်ဆူအိုလို	၀-၂	နာပိုလီ
အတ္တလန္တာ	၀-၄	ပါးမား
ဂျီနိုအာ	၃-၃	အူဒီးနိစ်
ရိုးမား	၃-၀	ဆမ်ဒိုးရီးယား
ဂရန်နာဒါ	၁-၀	ဘက်တစ်
ဘီလ်ဘာအို	၁-၂	အက်စ်ပန်ညို

အက်ဖ်အေကွာတားဖိုင်နယ်ပြိုင်ပွဲများ

အက်ဖ်အေဖလား လက်ရှိချန်ပီယံ ဝီဂန်အသင်း (**အပေါ်ပုံ**)သည် ကွာတားဖိုင်နယ်တွင် မန်စီးတီးနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ ယင်းတို့နှစ်သင်းသည် ဝင်ဘလေ၌ ပြီးခဲ့သည့်နှစ်က ဗိုလ်လုပွဲဆုံတွေ့ခဲ့ပြီးနောက် ထပ်မံဆုံတွေ့ကြမည်ဖြစ်သည်။

အက်ဖ်အေဖလား ပဥ္စမအကျော့တွင် ဆွမ်ဆီးကို အနိုင်ရလိုက်သည့် အဲဗာတန်က လီဗာပူးကို အနိုင်ရလိုက်သည့် အာဆင်နယ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ရှက်ဖ်ဖီးယူနိုက်တက်က ရှက်ဖ်ဖီးဝက်နက်စဒေး သို့မဟုတ် ချာလ်တန်နှင့်တွေ့မည်ဖြစ်သည်။ ဆန်းဒါးလန်းက ဘရိုက်တန် သို့မဟုတ် ဟားလ်စီးတီးနှင့် ကစားရမည်ဖြစ်သည်။

အဆိုပါ ကွာတားဖိုင်နယ်ပြိုင်ပွဲများကို မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် ကစားမည်ဖြစ်သည်။ မန်စီးတီးနှင့် အာဆင်နယ်တို့သည် ယခုနှစ် အက်ဖ်အေဖလားပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်သည့် အသင်းများဖြစ်လာသည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဘင်းမ်စတက်နှင့်မြန်မာ

ကိုဇံ

၁၆-၂-၂၀၁၄ ရက်မှအဆက်

ဘင်းမ်စတက်နဲ့ မြန်မာနိုင်ငံ

ဘင်းမ်စတက်အဖွဲ့ရဲ့ ဆက်သွယ်ရေးဗဟိုဌာနအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက် ဘင်းမ်စတက်ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ ထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့နဲ့ ပတ်သက်ပြီးတော့လည်း ဆောင်ရွက်ပေးပါတယ်။

စတုတ္ထအကြိမ် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပါတယ်။ (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်တွင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ပြီး (၁၃)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံ နေပြည်တော်မှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ပါတယ်။

ဘင်းမ်စတက်အဖွဲ့ရဲ့ တတိယအကြိမ် စီးပွားရေးဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပခဲ့တဲ့နေရာမှာ ဘင်းမ်စတက်အဖွဲ့ရဲ့ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ စီးပွားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနဲ့ပတ်သက်ပြီး ဘင်းမ်စတက်အဖွဲ့ရဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍခွဲကို အဓိကတာဝန်ယူဆောင်ရွက်တဲ့ အမျိုးသားအက်ဖ်တာယူနစ်က တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။

ဘင်းမ်စတက်အဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွေအနက် စိုက်ပျိုးရေးနဲ့ စွမ်းအင်ကဏ္ဍတွေမှာ မြန်မာနိုင်ငံအနေနဲ့ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာ ဒေသတွင်း ထုတ်ကုန်စွမ်းအားနဲ့ အထွက်နှုန်းတိုးတက်မြင့်မားရေးဆိုင်ရာ ကာလတိုနဲ့ ကာလရှည်ပူးတွဲသုတေသနအစီအစဉ်များ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍအောင်မြင်စေဖို့အတွက် ဘုံစီမံကိန်းကိုးခုကို သတ်မှတ်အကောင်အထည်ဖော်ဖို့ အဆိုပြုထားပါတယ်။ မြန်မာနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားရတဲ့ စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူအစည်းအဝေးတွေကို ပုံမှန်ကျင်းပနိုင်ခဲ့တဲ့အပြင် လုပ်ငန်းစဉ်တွေကိုလည်း ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စွမ်းအင်ကဏ္ဍမှာ နိုင်ငံဖြတ်ကျော် လျှပ်စစ်စွမ်းအားရောင်းဝယ်ရေးစီမံချက်၊ နိုင်ငံဖြတ်ကျော် ဓာတ်ငွေ့ပိုက်လိုင်းစီမံချက်၊ ဒေသတွင်းရေစွမ်းအင်အရင်းအမြစ် ဖွံ့ဖြိုးရေးစီမံချက်၊ သမားရိုးကျမဟုတ်တဲ့ စွမ်းအင်အရင်းအမြစ် အသုံးချရေးစီမံချက်၊ စွမ်းအင်ထိရောက်စွာ အသုံးချမှုအတွေ့အကြုံဖလှယ်ရေး စီမံချက်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် စွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို ဦးဆောင်နိုင်ငံအဖြစ် တတိယသက်တမ်းကာလ ဆက်လက်ဆောင်ရွက်ဖို့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့တဲ့ ဆဋ္ဌမအကြိမ်ဝန်ကြီးအဆင့် အစည်းအဝေးက တာဝန်ပေးအပ်ခဲ့ပါတယ်။

မြန်မာနိုင်ငံ နေပြည်တော်မှာ ၂၀၁၄ ခုနှစ် မတ်လ ၄ ရက်မှာ ကျင်းပမယ့် ဘင်းမ်စတက် တတိယအကြိမ် ထိပ်သီးအစည်းအဝေးကျင်းပတဲ့အချိန်ကျရင် ဘင်းမ်စတက်အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးဆိုင်ရာသဘောတူစာချွန်လွှာ၊ မိုးလေဝသနှင့်ရာသီဥတု ဗဟိုဌာနတည်ထောင်ရေးဆိုင်ရာသဘောတူစာချွန်လွှာနဲ့ ယဉ်ကျေးမှုလုပ်ငန်းကော်မရှင်နှင့် ယဉ်ကျေးမှုလေ့လာရေးဗဟိုဌာန ဖွင့်လှစ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတွေကို လက်မှတ်ရေးထိုးသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါ့အပြင် ဘင်းမ်စတက်အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး ဒါကာမြို့မှာ ဖွင့်လှစ်ဖို့နဲ့ ပထမဆုံး ဘင်းမ်စတက် အမြဲတမ်းအတွင်းရေးမှူးချုပ်အားခန့်အပ်ဖို့ အပါအဝင် အရေးကြီးတဲ့ ကိစ္စရပ်တွေကို အတည်ပြုဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ၂၀၀၉ ခုနှစ်မှ လက်ရှိကာလအထိ ဒုတိယအကြိမ် အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကျင်းပနိုင်ဖို့ ၂၀၁၂ ခုနှစ်အတွင်း လေးကြိမ်နဲ့ ၂၀၁၃ ခုနှစ်တွင် တစ်ကြိမ်ကြိုးပမ်းခဲ့ပေမယ့် အဖွဲ့ဝင်နိုင်ငံများမှာ ပြည်တွင်းအဆင်မပြေမှုတွေကြောင့် အချိန်ကာလကြန့်ကြာခဲ့ရပါတယ်။ ခုတော့ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ တူညီဆန္ဒနဲ့အညီ ၂၀၁၄ ခုနှစ် မတ်လ ၄ ရက်မှာ ကျင်းပနိုင်တော့မှာ ဖြစ်ပါတယ်။ တတိယအကြိမ် ထိပ်သီးအစည်းအဝေးအပြီးမှာ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို နီပေါနိုင်ငံသို့ လွှဲပြောင်းပေးအပ်မှာ ဖြစ်ပါတယ်။

ဘင်းမ်စတက်အဖွဲ့၏ အလားအလာ

၁၉၉၀ ပြည့်နှစ် စစ်အေးကာလပြီးနောက် ကမ္ဘာ့နိုင်ငံအများအပြားမှာ ကမ္ဘာ့နိုင်ငံအသီးသီးဟာ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးတို့မှာ နောက်ကျမကျန်ခဲ့စေရေးအတွက် ပထဝီဒေသနီးစပ်မှုရှိတဲ့ ဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းကာ မိမိတို့ဒေသအလိုက် အုပ်စုအဖွဲ့များ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်မှုများ တိုးတက်ပြုလုပ်လာကြတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် နိုင်ငံအချင်းချင်း ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတားအဆီး၊ အကန့်အသတ်များ လျှော့ချပေးလာကြတာ၊ ခေတ်မီဆက်သွယ်ရေးနည်းပညာများ တိုးတက်လာကြတာတွေကြောင့် ကမ္ဘာတစ်ခုလုံးဟာ ဈေးကွက်တစ်ခုတည်းအသွင်ကို တဖြည်းဖြည်း ဦးတည်ရွေ့ရှူလာပြီလို့ တွေ့ရပါတယ်။

> **မြန်မာနိုင်ငံအနေနဲ့ ဘင်းမ်စတက်အဖွဲ့မှာ ပါဝင်ဆောင်ရွက်ခြင်းဟာ အာဆီယံအဖွဲ့သို့ပါဝင်ခဲ့ပြီးနောက် ဒေသတွင်းနိုင်ငံများနဲ့ ဆက်သွယ်ပေါင်းစည်းရေးနဲ့ပတ်သက်ပြီး သံတမန်ရေးအရ အရေးပါတဲ့ခြေလှမ်းတစ်ရပ် ဖြစ်ပါတယ်။**

ဘင်းမ်စတက်အဖွဲ့မှာလည်း တောင်နှင့်အရှေ့တောင်အာရှနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ဖို့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ လက်ရှိမှာ ဘင်းမ်စတက်အဖွဲ့မှာ အဖွဲ့ဝင် ခုနစ်နိုင်ငံရှိပြီဖြစ်ပြီး လူဦးရေကလည်း ကမ္ဘာ့လူဦးရေရဲ့ ၂၁ ရာခိုင်နှုန်းရှိတာကြောင့် အာဆီယံအဖွဲ့ထက်ပင် ပိုမိုများပြားနေတာကို တွေ့ရပါတယ်။ ဒါ့အပြင် ဘင်းမ်စတက်အဖွဲ့ဟာ ပထဝီအနေအထားအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနဲ့သာမက အနောက်အာရှနိုင်ငံများနဲ့လည်း နီးကပ်စွာဆက်စပ်တည်ရှိနေတာ၊ စုပေါင်းဂျီဒီပီအမေရိကန်ဒေါ်လာ ၇၅၀ ဘီလီယံ (၂၀၁၁ ခုနှစ် စာရင်းများအရ) ရှိတာတွေကြောင့် အလားအလာကောင်းတဲ့ ဒေသဆိုင်ရာစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့တစ်ခုအဖြစ် ရှုမြင်သုံးသပ်ရပါတယ်။

ဘင်းမ်စတက်အဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်ရေးယန္တရားကို အဖွဲ့ဝင်နိုင်ငံအစိုးရများရဲ့ ကုန်ကျစရိတ်ဝန်ထုပ်ဝန်ပိုး များပြားလာစေခြင်းမရှိဘဲ ကျစ်ကျစ်လျစ်လျစ်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ တစ်ဖက်မှာလည်း ဘင်းမ်စတက်အဖွဲ့အနေနဲ့ သက်တမ်း ၁၆ နှစ် ကျော်ကာလသာရှိသေးပြီး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ဖို့ လိုအပ်တာနဲ့အညီ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရာမှာ ပုဂ္ဂလိကရန်ပုံငွေပံ့ပိုးဖို့ ဒါမှမဟုတ်အက်စကက်ပ်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ကမ္ဘာ့စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်စတဲ့ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ ပူးပေါင်းပါဝင်မှုများ ရရှိဖို့ ဆွေးနွေးဆောင်ရွက်သင့်တယ်လို့ ယူဆရပါတယ်။

ဘင်းမ်စတက်အဖွဲ့က ဒေသတွင်းအရေးပါတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်သော်လည်း အတွင်းရေးမှူးချုပ်ရုံးတည်ထောင်ထားခြင်းမရှိသေးတာ၊ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးအခြေအနေနှင့်ဖွံ့ဖြိုးတိုးတက်မှုနှုန်းကွာဟနေတာ၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့ လိုအပ်နေသေးတာတွေကြောင့် လျင်မြန်စွာတိုးတက်ခြင်းထက် ပုံမှန်သာတိုးတက်လျက်ရှိတဲ့ အဖွဲ့အစည်းတစ်ရပ်လို့ ဆိုရင်လည်း မှားမယ်မထင်ပါ။

မြန်မာနိုင်ငံအနေနဲ့ ဘင်းမ်စတက်အဖွဲ့မှာ ပါဝင်ဆောင်ရွက်ခြင်းဟာ အာဆီယံအဖွဲ့သို့ပါဝင်ခဲ့ပြီးနောက် ဒေသတွင်းနိုင်ငံများနဲ့ဆက်သွယ်ပေါင်းစည်းရေးနဲ့ပတ်သက်ပြီး သံတမန်ရေးအရ အရေးပါတဲ့ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ဘင်းမ်စတက်အဖွဲ့မှာ မြန်မာနိုင်ငံအနေနဲ့ တောင်နှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ပေါင်းကူးသဖွယ်တည်ရှိနေပြီး ပထဝီအနေအထားအရ အချက်အချာကျသောနေရာမှာ ရပ်တည်လျက်ရှိပါတယ်။ ဒါ့အပြင် ဘင်းမ်စတက်အဖွဲ့ရဲ့ စိုက်ပျိုးရေးနဲ့စွမ်းအင်ကဏ္ဍမှာ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိတဲ့အပြင် အဖွဲ့ဝင်နိုင်ငံများနဲ့ ပြည်သူလူထုအကြား ဆက်သွယ်မှုများတိုးမြှင့်နိုင်ဖို့လိုအပ်ချက်များ ရှိနေသေးတယ်လို့ သုံးသပ်ရပါတယ်။ ဘင်းမ်စတက်အဖွဲ့မှာ ပါဝင်ဆောင်ရွက်ခြင်းကြောင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ တိုးမြှင့်ရေးအတွက်သာမက ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုစေမယ်ဟု သုံးသပ်ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဘင်းမ်စတက်အဖွဲ့ရဲ့ တတိယအကြိမ် ထိပ်သီးညီလာခံကိုအောင်မြင်စွာကျင်းပနိုင်ခြင်းအားဖြင့် ဘင်းမ်စတက်သမိုင်းမှာရော ဒေသတွင်းနဲ့ နိုင်ငံတကာသမိုင်းမှာပါ မှတ်ကျောက်တင်ခံရမှာဖြစ်တဲ့အတွက် စာဖတ်သူ မြန်မာပြည်သူများအားလုံးအနေနဲ့လည်း ဂုဏ်ယူဝင့်ကြွားစွာ မျက်စိဖွင့် နားစွင့်နိုင်ဖို့ရာ ယခုဆောင်းပါးကို ရေးသားတင်ဆက်လိုက်ပါတယ်။ ။

စာချုပ်တံဆိပ်ခေါင်းစာရွက်များ အခွန်ရုံးများ၌ရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

စာချုပ်တံဆိပ်ခေါင်းစာရွက်များကို အခွန်ရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ရောင်းချပေးနေသဖြင့် ပြင်ပဈေးကွက်တွင် မူရင်းတန်ဖိုးထက် အဆပေါင်းများစွာ ဈေးကြီးနေရာမှ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာသည်ဟု ဆိုင်ခန်းငှားရမ်းစာချုပ်ချုပ်ဆိုသူတစ်ဦးက ဆိုသည်။

၂၀၁၃ နှစ်ဆန်းပိုင်းတွင် တန်ဖိုးနည်း ခြောက်ကျပ်၊ ၁၀ ကျပ်တန် စာချုပ်တံဆိပ်ခေါင်း စာရွက်များကို ပြင်ပဈေးကွက်တွင် ငွေကျပ် ၁၀၀၀၊ ၁၁၀၀ ပေး၍ ဝယ်ယူအသုံးပြုရပြီး ၁၀၀၊ ၂၀၀၊ ၅၀၀၊ ၆၀၀ ကျပ်စာချုပ်တံဆိပ်ခေါင်းများကို ငွေကျပ် ၁၂၀၀ မှ ၁၆၀၀ အတွင်း ဈေးကြီးပေးဝယ်ယူသုံးစွဲခဲ့ရကြောင်း၊ ၂၀၁၃ နှစ်လယ်ပိုင်းမှစ၍ ပြင်ပဈေးကွက်တွင် စာချုပ် တံဆိပ်ခေါင်းရှားပါးမှုကြောင့် တန်ဖိုးနည်းစာချုပ်တံဆိပ်ခေါင်းများ ဝယ်မရကြောင်း၊ ၂၅ ကျပ်တန် စာချုပ်တံဆိပ်ခေါင်းစာရွက်ကို ငွေကျပ် ၂၇၀၀ နှုန်း၊ ငွေကျပ် ၁၀၀၊၂၀၀၊၅၀၀၊ ၆၀၀၊ ၁၀၀၀ တန် စာချုပ်တံဆိပ်ခေါင်းများကို ငွေကျပ် ၂၀၀၀ မှ ၂၂၀၀ အတွင်း ဈေးမြင့်ပေးဝယ်ယူအသုံးပြုခဲ့ရသည်ဟု တိုက်ခန်းငှားရမ်းသူတစ်ဦးက ဆိုသည်။

သို့သော် ၂၀၁၃ နှစ်ကုန်ဝန်းကျင်မှစ၍ ရန်ကုန်မြို့တွင် အခွန်ရုံးနှင့် မြန်မာ့စီးပွားရေး ဘဏ်ခွဲများတွင် စာချုပ်တံဆိပ်ခေါင်းများ ရောင်းချပေးမှုကြောင့် ယခုအခါ ပြင်ပဈေးကွက်တွင် သိသာစွာဈေးနှုန်းများကျဆင်းလာကြောင်း၊ ငွေကျပ် ၂၅ ကျပ်တန် စာချုပ်တံဆိပ်ခေါင်း တစ်ရွက်လျှင် ငွေကျပ် ၂၂၀၀ နှုန်းရှိနေသေးသော်လည်း ၁၀၀၊ ၂၀၀ ကျပ်တန်စာချုပ်တံဆိပ်ခေါင်းများမှာ ၇၀၀ ကျပ်နှုန်းသာရှိကြောင်း၊ ၅၀၀၊ ၆၀၀ ကျပ်တန်များမှာ ၁၁၀၀ နှင့် ၁၄၀၀ ကျပ်နှုန်း၊ ၁၀၀၀ ကျပ်တန်မှာ ၁၉၀၀ ကျပ်နှုန်းဖြင့် ရောင်းချနေကြောင်း စာချုပ်တံဆိပ်ခေါင်း ရောင်းသည့် ပြင်ပဈေးကွက်မှ သိရသည်။

၂၀၁၀ မတိုင်မီ ငွေစက္ကူအကြွေရှားပါးချိန်တွင် ဝင်ငွေနည်းလူတန်းစားများ နေ့စဉ်ဝယ်ယူစားသုံးမှု၊ ယာဉ်စီးနင်းမှုများတွင် ငွေအကြွေအခက်အခဲကြောင့် ပိုမိုကုန်ကျမှုများရှိခဲ့ကြောင်း၊ သက်ဆိုင်ရာမှ ငွေအကြွေများ ပြည်သူများလက်ဝယ်ရောက်အောင် ဖြန့်ချိပေးရာတွင် တိုက်ရိုက်မရောက်သဖြင့် ငွေစက္ကူအကြွေလဲလှယ်သူ လူတန်းစားတစ်ရပ် ပေါ်ပေါက်ခဲ့ရကြောင်း၊ နောက်ပိုင်းတွင် လစာနည်းဝန်ထမ်းများ လစာထုတ်ပေးရာတွင် ငွေစက္ကူအကြွေတန်ဖိုးနည်းများကို လစဉ်ဆက်တိုက်ထုတ်ပေးရာမှ လအနည်းငယ်အကြာတွင် ငွေစက္ကူအကြွေရှားပါးမှု လျော့နည်းသွားရသည်။ ရန်ကုန်မြို့တွင်း အလုပ်လာရောက်လုပ်ကိုင်သူ ဆင်ခြေဖုံးနေသူတစ်ဦးက ဆိုသည်။

နိုင်ငံတော်မှ ထုတ်ဝေရောင်းချသော စာချုပ်တံဆိပ်ခေါင်းများ၊ အောင်ဘာလေ ထီလက်မှတ်များနှင့် ငွေစက္ကူအကြွေများတွင် ကြားခံလူတန်းစားတစ်ရပ်မှ အကျိုးစီးပွားရှာနေခြင်းမျိုး မဖြစ်ပေါ်ရအောင် အများပြည်သူလက်ဝယ်သို့ ရောက်ရှိစေမည့် ထုတ်ဝေရောင်းချမှုကို ပီပြင်စွာကျင့်သုံးခြင်းဖြင့် နိုင်ငံတော်အပါအဝင် အများပြည်သူအတွက်ပါ အကျိုးရှိစေသည်ဟု ရန်ကုန်မြို့နေသူများက ဆိုသည်။

ခင်ဆိုင်

၂၀၁၄ ဖေဖော်ဝါရီလဈေးနှုန်း

စဉ်	အမျိုးအမည်	ဈေးနှုန်း(ကျပ်)
၁	၆ ကျပ်တန်	-
၂	၁၀ ကျပ်တန်	-
၃	၂၅ ကျပ်တန်	၂၂၀၀
၄	၁၀၀ ကျပ်တန်	၇၀၀
၅	၂၀၀ ကျပ်တန်	၇၀၀
၆	၅၀၀ ကျပ်တန်	၁၁၀၀
၇	၆၀၀ ကျပ်တန်	၁၄၀၀
၈	၁၀၀၀ ကျပ်တန်	၁၉၀၀

အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၄ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို မတ် ၁ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်း/နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက် ၃၅ နှစ်နှင့်အထက် တစ်ဦးချင်း/နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၄၅ နှစ်နှင့်အထက် တစ်ဦးချင်း/နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၅၅ နှစ်နှင့် အထက် တစ်ဦးချင်း/နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၆၀ နှင့်အထက် တစ်ဦးချင်း/နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းရမည်။

ကျင်းပ

ထို့အပြင် Myanmar CP တင်းနစ်ပြိုင်ပွဲကို မတ် ၁၆ ရက်မှ ၂၂ ရက်အထိလည်းကောင်း၊ Myanmar Open တင်းနစ်ပြိုင်ပွဲကို ဧပြီ ၅ ရက်မှ ၉ ရက်အထိလည်းကောင်း ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်သူ့လွှတ်တော်အစည်းအဝေး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ စိစစ်ထောက်ခံချက်အရ ချေးငွေများကိုရွှေ့ဆိုင်းခွင့်ပြုပေးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း၏ **ရွှေဘိုမြို့နယ်အတွင်းရှိ အဆစ်ပိုးကြောင့် စပါးခင်းများပျက်စီးသဖြင့် စိုက်ပျိုးစရိတ်ချေးငွေပေးဆပ်ရမည့်ကာလကို နောက်ဆုတ်ပေးရန် အစီအစဉ်ရှိ/မရှိ**နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ချေးငွေရွှေ့ဆိုင်းခွင့်ပြုရန် တင်ပြမှုများအတွက် အဓိကအားဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက် လိုအပ်ပါကြောင်း၊ ရွှေ့ဆိုင်းပေးဆပ်လိုသော

ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမားများက သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု ချေးငွေ စိစစ်ရေးအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာထံ တင်ပြပြီး မြို့နယ်မန်နေဂျာ၊ မြို့နယ် ချေးငွေအကြံပေးအဖွဲ့တို့၏ စိစစ်တင်ပြချက်များအပေါ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ စိစစ်ထောက်ခံချက်အရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ချေးငွေများကို ရွှေ့ဆိုင်း ခွင့်ပြုပေးနိုင်ပါကြောင်း၊ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် အထွက်နှုန်းထိခိုက်မည့် လယ်ယာများအတွက်နိုင်ငံတော်သမ္မတ၏သီးသန့် ရန်ပုံငွေမှ ကျခံထောက်ပံ့ပေးနိုင်ရေးအတွက်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဘဏ္ဍာရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း နှင့်ပြန်လည်ဖြေကြားခဲ့သည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းမေးမြန်းစဉ်။ (သတင်းစဉ်)

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၏ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွက် အမှတ်လျှော့ပေါ့လျက် တက်ရောက်ခွင့်ပြုထားသော ဆရာဝန်သင်တန်းသား၊ သင်တန်းသူများ မည်မျှတက်ရောက်ခွင့်ရရှိထားသည်၊ မည်သည့်တိုင်းဒေသမှဖြစ်သည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုမှ ဆေးတက္ကသိုလ်(မကွေး)သို့တက်ရောက်ခွင့်ရရှိသူများမှာ နာဂဒေသမှ ၂၀၁၃ ခုနှစ်တွင် နှစ်ဦး၊ ဓနုဒေသမှ၂၀၁၂ ခုနှစ်တွင်နှစ်ဦး၊ ၂၀၁၃ ခုနှစ်တွင်နှစ်ဦး၊ ပအိုဝ်းဒေသမှ ၂၀၁၂ ခုနှစ်တွင် ငါးဦး၊ ၂၀၁၃ ခုနှစ်တွင် ငါးဦး၊ ပလောင်ဒေသမှ ၂၀၁၂ ခုနှစ်တွင်တစ်ဦး၊ ၂၀၁၃ ခုနှစ်တွင်တစ်ဦး၊ ကိုးကန့်ဒေသမှ ၂၀၁၃ ခုနှစ်တွင် တစ်ဦး၊ 'ဝ'ဒေသမှ ၂၀၁၃ ခုနှစ်တွင် တစ်ဦး စုစုပေါင်း ၂၀ ဦး ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် အစည်းအဝေး၌လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် မေးခွန်းသုံးခု၊ ဒေသဖွံ့ဖြိုးရေးဖြစ်သည့် ကျေးလက်ကျောက်ချောလမ်းခင်းပေးရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်းသုံးခုတို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများက လုပ်ငန်းများကို လျာထားထည့်သွင်းပြီး ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်း အဆုံးအဖြတ်ရယူအတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **(ယာပုံ)**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **"ပြည်နယ်လေးခုကို ဖြတ်သန်းသွားသော သံလွင်မြစ်ကြီးအား သယ်ယူပို့ဆောင်ရေးအတွက် အသုံးချရန် အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာ ပူးပေါင်း၍ ရေကြောင်းလမ်း ချောမွေ့စေရန် ပြင်ဆင်ပြီး အသုံးချသွားရန် အစီအစဉ် ရှိ /မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က သံလွင်မြစ်သည် တရုတ်နိုင်ငံ တိဘက်ကုန်းမြင့်ဒေသမှ မြစ်ဖျားခံစီးဆင်းလာပြီး မြန်မာနိုင်ငံရှိ ရှမ်းကုန်းမြေမြင့်ကို ထပ်မံဖြတ်သန်းစီးဆင်းသဖြင့် မြစ်ကြမ်းပြင် ဆင်ခြေလျှောမှာ မတ်စောက်သည့်အတွက် ရေစီးသန်သည့် မြစ်တစ်စင်းဖြစ်ပြီး ရေကြောင်းသွားလာရေး ခက်ခဲပါကြောင်း၊ သို့ဖြစ်ပါ၍ သံလွင်မြစ်တွင် ရေကြောင်းသွားလာနိုင်သော အကွာအဝေးမှာ သံလွင်မြစ်ဝမှ ရွှေဂွန်းအထိ အလျား ၃၈၀ ကီလိုမီတာခန့်သာ အသုံးပြုနိုင်ခဲ့ပါကြောင်း။

သံလွင်မြစ်အား ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အသုံးချနိုင်စေရန်အတွက် သံလွင်မြစ်၏ ရေစီးအားထိန်းချုပ်ပြုပြင်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြစ်ကြောင်းတစ်လျှောက် အသေးစိတ် တိုင်းတာရေးများပြုလုပ်ပြီး ရရှိလာသော ရေလမ်းမြေပုံများအပေါ် မူတည်၍ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ ဦးစွာလေ့လာဆန်းစစ်ပြီးမှသာ ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အသုံးချနိုင်ရန်အတွက် မြစ်ကြောင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သံလွင်မြစ်ရေကြောင်းပို့ဆောင်မှုဖွံ့ဖြိုးရေးအတွက် လုပ်ငန်းရှင်များမှ ဆောင်ရွက်မည်ဆိုပါက ဖိတ်ခေါ်ကြိုဆိုပါကြောင်းနှင့် အဆိုပါ သံလွင်မြစ်အား အပိုင်းလိုက်ခွဲ၍ သယ်ယူပို့ဆောင်ရေးအတွက် အသုံးချနိုင်မှု ရှိ/မရှိ သုတေသနပြုလုပ်သွားရန်နှင့် သုတေသနပြုလုပ်ပြီးစီးမှုကို တင်ပြရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားထားပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **"ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်ထားသောဒေသတွင် ပေါက်ရောက်သော သစ်ပင်၊ ဝါးပင်များကို သစ်တောဌာနမှ ၎င်းတို့ပိုင်ဆိုင်သည်ဟု ဖော်ပြနေခြင်းသည် တရားမျှတမှု ရှိ /မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က နိုင်ငံတစ်ဝန်းရှိ သစ်တောများမှာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေ

ပြည်သူများ၏ဘဝ ရှင်သန်ရပ်တည်ရေးအတွက် များစွာအထောက်အကူပြုသည့်အပြင် လယ်ယာစိုက်ပျိုးရေးအတွက် အဓိကကျသည့် ရာသီဥတုမျှတ ကောင်းမွန်ရေးကိုလည်း များစွာပံ့ပိုးဖြည့်ဆည်းပေးသည့် အရင်းအမြစ်များဖြစ်ပါကြောင်း၊ လက်ရှိကာလရင်ဆိုင်ကြုံတွေ့နေကြရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများ၏ အဓိကအကြောင်းတစ်ရပ်မှာ သစ်တောပြုန်းတီးမှုကြောင့်ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် အရေးပါသည့် သစ်တောများကို ရှေးအစဉ်အဆက်ကပင် အလေးထားစီမံထိန်းသိမ်းကာကွယ်အုပ်ချုပ်ခဲ့သော်လည်း လူဦးရေ တိုးပွားလာမှုကြောင့် ဖြစ်ပေါ်လာသည့် နေထိုင်ရေး၊ လုပ်ကိုင်စားသောက်ရေး၊ နေ့စဉ်သုံးလောင်စာလိုအပ်ချက်ဖြည့်ဆည်းရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် ထုတ်ယူသုံးစွဲမှုများကြောင့် နိုင်ငံအတွင်းရှိ သစ်တောများမှာ ကမ္ဘာ့နိုင်ငံများ နည်းတူပြုန်းတီးလျော့နည်းလျက်ရှိပါကြောင်း၊ ချင်းပြည်နယ်တွင် သစ်တောပြုန်းတီးရသည့် အဓိကအကြောင်းအရင်းမှာ ရွှေ့ပြောင်းတောင်ယာ အလွန်အကျွံခုတ်လှဲ လုပ်ကိုင်ခြင်း၊ တရားမဝင်သစ်၊ ထင်း ထုတ်လုပ်မှုများပြားခြင်း၊ မမှန်ကန်သော နည်းလမ်းများဖြင့် တရားမဝင် ထင်းရှူးဆီထုတ်လုပ်ခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

ဖော်ပြပါ အခြေအနေအရ ချင်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးရှိ သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် ပြုန်းတီးမှု ကာကွယ်ရေးတို့အတွက် သစ်တောဦးစီးဌာနအနေဖြင့် ၁၉၉၂ ခုနှစ် သစ်တောဥပဒေ၊ ၁၉၉၅ ခုနှစ် သစ်တောနည်းဥပဒေများနှင့် အညီ နိုင်ငံတော်ပိုင် သယံဇာတများကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူတစ်ရပ်လုံးကိုယ်စား စနစ်တကျ စီမံခန့်ခွဲ ကာကွယ်စောင့်ရှောက်နေရခြင်းဖြစ်ပါကြောင်း။

ဒေသခံပြည်သူများ၊ သစ်တောများအနီးပတ်ဝန်းကျင်တွင် မှီခိုနေထိုင်ကြသည့် ပြည်သူများ၏ အခြေခံ သစ်၊ ထင်း၊ ဝါး လယ်ယာလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းသုံး သစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ထုတ်လုပ်ခွင့်ပြုလျက်ရှိပါကြောင်း၊ ဒေသခံများအနေဖြင့် မြေငှားခ ပေးဆောင်ရန်မလိုဘဲ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်၍ ကိုယ်တိုင်ပါဝင်ထိန်းသိမ်းစိုက်ပျိုးပြီး မိမိတို့ကိုယ်ပိုင်သုံးအတွက် အခမဲ့ထုတ်ယူသုံးစွဲနိုင်ပါကြောင်း၊ ချင်းပြည်နယ်အတွင်း ကျေးလက်နေပြည်သူများ၏ သစ်၊ တိုင်၊ မျော၊ လောင်စာလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်သော ကျေးလက်အိမ်ရာစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ပြီးဖြစ်ပါကြောင်း။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သစ်တော သယံဇာတအရင်းအမြစ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ၏ သစ်တောထွက်ပစ္စည်းလိုအပ်ချက် ဖြည့်ဆည်းပေးရေးတို့ကို ဟန်ချက်ညီထိန်းညှိဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ကိုယ်စား တာဝန်ယူစီမံခန့်ခွဲရခြင်းသာ ဖြစ်ပါကြောင်း၊ ဌာနအကျိုးအတွက် သစ်နှင့်သစ်တောထွက်ပစ္စည်းများကို ရယူပိုင်ဆိုင်သုံးစွဲနေခြင်း မဟုတ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော **မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကိုလွှတ်တော်သို့ဖတ်ကြားတင်သွင်းခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး အခြေခံကွန်ပျူတာသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကွန်ပျူတာအခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ မြန်မာ့အလင်း၊ ကြေးမုံ၊ နယူးလိုက်အော့ဖ်မြန်မာ၊ မြန်မာ့သတင်းစဉ်မှ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးဆောင်ညွှန်ကြားရေးမှူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ ဦး တက်ရောက်ပြီး သင်တန်းကို**(ယာပုံ)** ဖေဖော်ဝါရီ ၁၇ရက်မှ မတ်လ ၂၈ ရက်အထိ ရက်သတ္တပတ် ခြောက်ပတ်ကြာ သင်ကြားပို့ချသွား မည်ဖြစ်သည်။

ကျော်သူဝင်း

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပြည်တွင်းသတင်း

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အိုးဘိုကုန်းကျေးရွာရှိ Solar Power Plant အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အိုးဘိုကုန်းကျေးရွာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ရေအားလျှပ်စစ်လုပ်ငန်းများ၊ ဆိုလာစနစ် လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က လည်းကောင်း၊ နတ်တလင်းမြို့နယ်ဆိုင်ရာဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ဒေသလိုအပ်ချက်များနှင့် ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက အမှန်တကယ်ပြည်သူ့လိုအပ်ချက်ကို မြန်မြန်ဆန်ဆန်နှင့် ထိထိရောက်ရောက်ဖြည့်ဆည်းပေးနိုင်ရေး ဒေသတာဝန်ရှိသူများက စီမံချက်ရေးဆွဲပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

တောင်ညိုရေလှောင်တမံကို ဆည်ရေသောက်ဧရိယာ ဧက ငါးသောင်းသို့ စိုက်ပျိုးရေပေးဝေရန် ၁၉၉၅-၁၉၉၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ နှစ်စဉ်နွေစပါး၊ မိုးစပါးအတွက် တစ်နှစ်လုံးနီးပါး ရေပေးဝေရသည့်အပြင် နှစ်ကာလကြာမြင့်ပြီး ထိရောက်သောအထူးပြင်ဆင်မှုများ မပြုလုပ်နိုင်ခဲ့သည့်အတွက် ဆည်ရေသောက်စနစ်တူးမြောင်းများ ပျက်စီးယိုယွင်းခဲ့ရသည်။ ထို့ကြောင့် တူးမြောင်းမကြီးနှင့် လက်တံတူးမြောင်းများအား တူးမြောင်းပုံစံကျပြုပြင်ခြင်း၊ မြောင်းပေါင်စစ်လမ်းများပြုပြင်ခြင်း၊ တူးမြောင်းအဆောက်အအုံများ ပြုပြင်ခြင်း၊ ရေဆိုးထုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ဆောင်ရွက်ခဲ့သည့်အတွက် ဆည်ရေပေးဝေခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေလာခဲ့သည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အိုးဘိုကုန်းကျေးရွာသို့ရောက်ရှိပြီး ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားကာ Solar Power Plant ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဉာဏ်ဝင်းနှင့် KD Power Company မှ Advisor Mr.Cho Yong Kyung တို့က ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိ ဖြန့်ဝေမှုစနစ်တို့ကို ရှင်းလင်းတင်ပြကြသည်။

တောင်ညိုရေလှောင်တမံ ပတ်ဝန်းကျင်ရှိ ကျေးရွာများ လျှပ်စစ်မီးရရှိစေရန်အတွက် ရေကျအဆောက်အအုံအမှတ်(၁)နှင့် အမှတ်(၂)တို့တွင် တာဘိုင်ဂျင်နရေတာများကို ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း တပ်ဆင်ဆောင်ရွက်ခဲ့သည့်အတွက် အိမ်ခြေ ၁၀၀ ကျော်ရှိ လယ်မအင်းကျေးရွာ၊ အိမ်ခြေ ၄၀၀ ရှိ ကျောက်ခွက်ကျေးရွာ၊ အိမ်ခြေ ၂၀၀ ရှိ ကျောက်စွယ်ကျေးရွာတို့တွင် အသေးစားရေအားဖြင့် လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ကျောက်ခွက်ကျေးရွာ ယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မဟာဓာတ်အားလိုင်းလက်လှမ်းမမီသည့် ကျေးလက်ဒေသများတွင် အသေးစားရေအားလျှပ်စစ်တာဘိုင်များတည်ဆောက်ပေးခြင်း၊ ဆိုလာစနစ်သုံးခြင်း၊ ဇီဝဒြပ်ထုသုံးမီးစက်များ ထူထောင်ခြင်း၊ လေရဟတ်များအသုံးပြုခြင်းစသည့် ပြန်ဖြည့်မြဲစွမ်းအင်သုံး လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်းခြောက်သောင်းရှိသည့်အနက် ကျေးရွာမီးလင်းရေးအတွက် ကျေးရွာပေါင်းနှစ်သောင်း ဆောင်ရွက်ပြီးဖြစ်ရာ ဤရွာသည်လည်း တစ်ရွာအပါအဝင်ဖြစ်ပါကြောင်း၊ ယခု ဤရွာတွင် ဆည်မြောင်း ရေကျ အဆောက်အအုံများကို အကျိုးရှိစွာအသုံးချ၍ အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေခြင်းဖြစ်ပါကြောင်း၊ ရေအားနည်းပါးချိန်များအတွက်လည်း ဒီဇယ်မီးစက်ကို အရန်သင့်ထားရှိသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရင်းအနှီးလိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မိတ်ဖက်အဖွဲ့အစည်းများ၏ထောက်ပံ့ကူညီမှုဖြင့် ယခုကဲ့သို့ တည်ဆောက်ပေးနိုင်ခြင်းဖြစ်သည့်အတွက် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက ရေရှည်တည်တံ့အောင် စက်များကြံ့ခိုင်ထိန်းသိမ်းမှု၊ မောင်းနှင်မှုစရိတ်စကများ ကာမိရေးအတွက် ရန်ပုံငွေထူထောင်မှု နည်းလမ်းများရှာဖွေရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးရွာများ ယခုထက်မက ဖွံ့ဖြိုးအောင်ဆောင်ရွက်ပေးမည့် အစီအမံများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးတင်ပြသည့် သောက်သုံးရေရရှိရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များအပေါ် နိုင်ငံတော်က ဖြည့်ဆည်းပေးရာတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်အပေါ် မျှမျှတတ ဆောင်ရွက်ပေးရသည့်အတွက် လိုအပ်ချက်များရှိနေသေးပါက နားလည်ပေးစေလိုပါကြောင်း၊ မိမိရပ်ရွာ၊ ဒေသဖွံ့ဖြိုးရေးအတွက် မိမိတို့တွင်လည်း တာဝန်ရှိသည်ဟုခံယူ၍ တက်ညီလက်ညီဆောင်ရွက်ကြရန် အရေးကြီးပါကြောင်းဖြင့် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇီးကုန်းမြို့နယ် မြောက်လွတ်ကုန်းကျေးရွာ တောင်ညိုဆည်ရေသောက်စနစ် စံပြလယ်ယာ ဧက ၁၂၀ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် ဆည်မြောင်းဦးစီးမှူးတို့က စံပြလယ်ယာဖော်ထုတ်စိုက်ပျိုးမှုနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု၊ သီးနှံစိုက်ပျိုးထွက်ရှိမှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီးနောက် ကျေးရွာအတွက် ပန်းပေါင်းစုံဗုဒ္ဓဆင်းတုတော်များကို ကျေးရွာကိုယ်စားလှယ်များထံ ပေးအပ်လှူဒါန်းကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ဇီးကုန်းမြို့နယ် မြို့နယ်ခန်းမ၌ ပြည်ခရိုင်၊ သာယာဝတီခရိုင်များအတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူ စုစုပေါင်း ၆၀၀ ကျော်နှင့် တွေ့ဆုံ၍ ဘက်စုံဖွံ့ဖြိုးရန်အတွက် လိုအပ်ချက်သည် စွမ်းဆောင်ရည်ဖြစ်ပါကြောင်း၊ အစိုးရအပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့၏ စွမ်းဆောင်ရည်မြင့်မားလာပါက ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကောင်းမွန်သည့် အုပ်ချုပ်မှု ဖြစ်လာစေရန်အတွက် ဌာနတစ်ခုနှင့်တစ်ခု ပေါင်းစပ်ဆောင်ရွက်ရန်၊ နိုင်ငံရေးတည်ငြိမ်ရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ လူထုသဘောထားရယူပြီး တာဝန်သိမှု၊ တာဝန်ခံမှုနှင့်အညီ ဆောင်ရွက်ရန်၊ တရားဥပဒေစိုးမိုးမှုရှိပြီး လာဘ်ပေးလာဘ်ယူကင်းရှင်းရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် လျက်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးမှု၏ အခြေခံသည် မြို့နယ်ဖွံ့ဖြိုးမှုပင် ဖြစ်ပါကြောင်း၊ မြို့နယ်ဖွံ့ဖြိုးမှု ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်သူ့ဆန္ဒမှန်ကို သိအောင်ဆောင်ရွက်ပြီး ပြည်သူထောက်ခံအားပေးမှုနှင့် တက်ကြွစွာပါဝင် ပူးပေါင်းမှုရရှိအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဤဒေသတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်များရှိသော်လည်း ငွေ၊ ပစ္စည်း၊ အရင်းအနှီးလိုအပ်ချက်များကြောင့် သုံးစွဲနိုင်သည့်ပမာဏအတိုင်း ထုတ်လုပ်နိုင်ခြင်း မရှိသေးပါကြောင်း၊ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊အများပိုင်၊ ပုဂ္ဂလိကပိုင် ဖက်စပ်စနစ်ဖြင့် ရင်းနှီးမြှုပ်နှံမှုများ အားပေးသွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အပိုင်းကမူ လိုအပ်ချက်များအပေါ် တွက်ချက်၍ အချိန်မဆိုင်းဘဲ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက်ပြင်းပြသည့်ဆန္ဒ၊ ထက်သန်သည့် စိတ်ဓာတ်၊ နိုးကြားသည့် ဝီရိယ၊ ထက်မြက်သည့် ပညာတို့ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖ များနှင့် ဒေသခံပြည်သူများက စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဇီးကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဇီးကုန်းမြို့နယ်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မီးဖိုချောင်သုံးပစ္စည်းအစုံ ၈၀၊ ဆိုလာပြားအစုံ ၈၀၊ ပြက္ခဒိန်စောင်ရေ ၁၀၀၀၊ ငါးခြောက်ပိသာ ၂၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက စာအုပ်စာစောင် ၅၀၀၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်းအတွက် ဆန်အိတ် ၁၆၀၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မင်းအောင်က အခြေခံပညာကျောင်း ငါးကျောင်းအတွက် ကွန်ပျူတာ ၂၅ စုံ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက မီးသတ်ယာဉ်နှစ်စီးတို့ကို ပေးအပ်လှူဒါန်းလွှဲပြောင်းကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီးနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိစစ်ဆေးခဲ့ပြီး မြို့နယ်ဆေးရုံဆိုင်ရာ အချက်အလက်များကို ဆေးရုံအုပ်ကြီး ဦးမြင့်စိုးက တင်ပြရာ နှစ်ထပ်ဆေးရုံအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးကာ ပြည်သူ့ဆေးရုံ ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ဆေးပစ္စည်းပုံးများကို ပေးအပ်လှူဒါန်းပြီး ဒုတိယသမ္မတသည် အမျိုးသား၊ အမျိုးသမီးလူနာဆောင်၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား လိုက်လံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့ပြင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား ကန်တော့၍ ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀၊ ဆိုလာ မီးအိမ်များနှင့် ဆန်၊ ဆီ၊ ဆားတို့ကို လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် ဇီးကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာကြီးက ကျောင်းဆောင်သစ်ဆောက်လုပ်ရေး၊ ကျောင်းခြံစည်းရိုးကာရံနိုင်ရေးနှင့် ကျောင်းပရိဘောဂလိုအပ်ချက်များကို တင်ပြပြီး ဒုတိယသမ္မတက ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ညိုရေလှောင်တမံမှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် Gen Dr. Moeldoko က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဂျကာတာမြို့ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး စစ်ရေးပြကွင်း၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေး

ဂုဏ်ပြုကြိုဆိုပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြပြီး ဂုဏ်ပြုကြိုဆိုပွဲ တက်ရောက်လာကြသူများနှင့် အပြန်အလှန်မိတ်ဆက်ပေးသည်။ ထို့နောက် ကာကွယ်ရေး ဦးစီးချုပ်ရုံး၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် အင်ဒိုနီးရှား ကာကွယ်ရေးဦးစီးချုပ်က အဆွေတော်၏ အမြော်အမြင်ရှိမှုနှင့်ဦးဆောင်မှုကောင်းမွန်ခြင်းတို့ကြောင့် လာမည့် မတ်လနှင့် မေလများတွင် ကျင်းပမည့် အာဆီယံတပ်မတော်ဆိုင်ရာ အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်မည်ဟု မိမိအပြည့်အဝ ယုံကြည်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ရှည်လျားသော ဆက်ဆံရေးအစဉ်အလာကောင်းများ ရှိခဲ့ပြီး ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် နှစ်နိုင်ငံအစိုးရ အချင်းချင်းနှင့် တပ်မတော်နှစ်ရပ်အကြား ယခင်ကထက် ဆက်ဆံရေးနယ်ပယ် တိုးတက်လာခဲ့ပြီး စစ်ဦးစီးတက္ကသိုလ်နှင့် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်သင်တန်းသားများ အချင်းချင်း အပြန်အလှန်လည်ပတ်နိုင်ရေး ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် Peace Keeping သင်တန်းအား တက်ရောက်လိုပါက အရာရှိသင်တန်းသားများ စေလွှတ်နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မြန်မာ့တပ်မတော်မှ ကာကွယ်ရေးဦးစီးချုပ်တစ်ဦး အနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည့်အတွက် မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ မိမိ ယခုကဲ့သို့ လာရောက်ခြင်းသည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်လို၍ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် ဆက်ဆံရေးနွေးထွေးမှုရှိစေရန် အတွက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့လည်း အင်ဒိုနီးရှားတပ်မတော် (ကြည်း၊ ရေ၊ လေ) ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း၊ စစ်ဦးစီးတက္ကသိုလ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားများလည်း လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း၊ နှစ်နိုင်ငံတပ်မတော် အားကစားနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန် စေလွှတ်နိုင်ရန်နှင့် နှစ်နိုင်ငံဘာသာစကားသင်တန်းများ အပြန်အလှန် စေလွှတ် တက်ရောက်နိုင်ရေး အတွက်ကိုလည်း အကြံပြုလိုပါကြောင်း၊ မိမိအား UN ကိုယ်စားလှယ်တစ်ဦးက မြန်မာ့တပ်မတော်သားများကို ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့တွင် ပါဝင်နိုင်ရေးအတွက် အကြံပြုကမ်းလှမ်းထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့တပ်မတော်နှင့် အင်ဒိုနီးရှားတပ်မတော်သည် အတွေ့အကြုံရင့်ကျက်သည့် တပ်မတော်များဖြစ်ပါကြောင်း၊ ယင်းအတွေ့အကြုံများကို အမြင်ချင်းဖလှယ်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ပါက အကျိုးဖြစ်ထွန်းမည် ဖြစ်ပါကြောင်း၊ နိုင်ငံအသီးသီးတွင်ရှိသော တပ်မတော်တိုင်းသည် ၎င်းနိုင်ငံ၏ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြရပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အင်ဒိုနီးရှား တပ်မတော်မှတပ်မတော် အကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

(မြဝတီ)

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အင်ဒိုနီးရှား သမ္မတနိုင်ငံ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က အင်ဒိုနီးရှား တပ်မတော်မှ အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။ (မြဝတီ)

ပြည်တွင်းသတင်း

(၆၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

- ☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်အစိုးရ၏ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။
- ☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သောပြည်ထောင်စုကိုအခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး။

● *ကျောဖုံးမှ*

ကံပေါက်ဒေသရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုသည် မြန်မာနိုင်ငံ၏ အဓိကရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းဖြစ်ပြီး ၁၉၉၈ ခုနှစ်မှစတင်၍ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ၃၆ လက်မ ပိုက်လိုင်းဖြင့် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၈ ခုနှစ်အထိ ရောင်းချနိုင်ရန် စာချုပ်ချုပ်ဆိုထားကြောင်းသိရသည်။ ကံပေါက်ဒေသ စီမံကိန်းမှ နေ့စဉ်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်စွမ်းသည် အနည်းဆုံး ကုဗပေသန်း ၇၀၀ မှ အများဆုံး ကုဗပေသန်း ၉၀၀ အထိ ထုတ်လုပ်နိုင်ပြီး ထုတ်လုပ်မှုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပြည်ပသို့တင်ပို့ရောင်းချပြီး ၂၅ ရာခိုင်နှုန်းကို ပြည်တွင်း၌ ခွဲဝေသုံးစွဲ၍ လက်ရှိတွင် ဘားအံမြို့နယ်ရှိ မြိုင်ကလေး ဘိလပ် မြေစက်ရုံသို့ ပို့လွှတ်သုံးစွဲလျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ အာရှပစိဖိတ်ဒေသတွင် သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းဖြင့် ပြည်ပနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး ကမ္ဘာ့အဆင့် ပိုက်လိုင်းဖြင့် ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့သော ထိပ်သီးနိုင်ငံ ၂၀ တွင် တစ်ခုအပါအဝင် ဖြစ်လာသည်။ ကံပေါက်ဒေသရှိ သဘာဝဓာတ်ငွေ့များကို တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် မော်ကြီးမှ တစ်ဆင့် ထိုင်းနိုင်ငံ ကန်ချနာဘူရီသို့ သွယ်တန်းတင်ပို့လျက်ရှိနေရာ ဒေသခံများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်းဖြစ်သည်။

ထို့ပြင် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲမှုသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်မှုကြောင့် နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်သော လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် ကံပေါက်ဒေသရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းသည် ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်ကို မြှင့်တင်ပေးသော လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် နိုင်ငံအကျိုးအတွက် အဘက်ဘက်မှ အထောက်အကူပြုသော လုပ်ငန်းတစ်ခုပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **(ခရိုင် ပြန်/ဆက်)**

စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ ဒုချီးရားတန်းကျေးရွာဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဆက်လက်စုံစမ်းစစ်ဆေး

မောင်တော ဖေဖော်ဝါရီ ၁၇

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ရောက်ရှိနေသော စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့သည် ယနေ့နံနက်ပိုင်းမှစတင်ကာ မောင်တောမြို့နယ်ရှိ ဒုချီးရားတန်းကျေးရွာနှင့် ဘင်္ဂါလီကျေးရွာများသို့ သွားရောက်ပြီး ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ကွင်းဆင်းကြည့်ရှုမေးမြန်းကြသည်။

ရှေးဦးစွာ စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် ဒုချီးရားတန်း(အနောက်)ကျေးရွာသို့ ရောက်ရှိကြပြီး ၂၈-၁-၂၀၁၄ ရက်တွင် ဒုချီးရားတန်း(အနောက်) ကျေးရွာ မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းနှင့် မည်သူ့ပယောဂကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရခြင်းအကြောင်းတို့ကို အသေးစိတ်ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ဒေသခံဘင်္ဂါလီ ရွာသူရွာသားများအား သိရှိလိုသည်များကို မေးမြန်းကြသည်။

ဆက်လက်၍ ဒုချီးရားတန်း(အလယ်ရွာ)သို့ ရောက်ရှိကြပြီး ၁၃-၁-၂၀၁၄ ရက်တွင် ဒုချီးရားတန်းကျေးရွာ၌ ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း သေဆုံးရသည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဖြစ်ပွားရသည့်အကြောင်းရင်း၊အခင်းဖြစ်ပွားရာ မြေပြင်အခြေအနေနှင့် ပကတိအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုချီးရားတန်း(အလယ်ရွာ) မူလတန်းလွန်ကျောင်း၌ ဒေသခံဘင်္ဂါလီရွာသူရွာသားများနှင့် တွေ့ဆုံပြီး ဖြစ်စဉ်နှင့်ပတ်သက်သည်များကိုလွတ်လပ်ပွင့်လင်းစွာ အသေးစိတ် မေးမြန်းဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ခရေမြိုင် ရခိုင်တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာရဲကင်း၌ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကြကာ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အသေးစိတ်မေးမြန်းကြသည်။

ဆက်လက်၍ ကင်းချောင်းကျေးရွာသို့ရောက်ကြပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရခိုင်တိုင်းရင်းသား ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ သိရှိလိုသည်များကို အသေးစိတ်မေးမြန်းကြသည်။

ယင်းနောက် ကင်းချောင်းကျေးရွာသုသာန်နှင့် သံသယရှိဖွယ်ရာ နေရာများကို သံသယဖြစ်ဖွယ်ရာ အခြေအနေရှိ-မရှိ၊ မှုခင်းဆေးပညာနှင့် တရားဥပဒေဆိုင်ရာကျွမ်းကျင်သူများ (Forensic Experts) တို့နှင့်အတူ ပကတိ မြေပြင်အခြေအနေမှန်များကို အသေးစိတ်ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ဘင်္ဂါလီကျေးရွာများနှင့် ရခိုင်တိုင်းရင်းသားကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်အတွင်း ကျေးရွာများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး အခြေအနေများကိုလည်း အသေးစိတ်ဆွေးနွေးမေးမြန်းခဲ့ကြသည်။

(သတင်းစဉ်)

စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ ဒေသခံ ရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော်၌ကျင်းပမည့် တတိယအကြိမ် BIMSTEC ထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာများအတွက် တည်းခိုနိုင်ရန် ဟိုတယ်စီစဉ်ပေးထား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တတိယအကြိမ် ဘင်းမ်စတက်(BIMSTEC) ထိပ်သီးအစည်းအဝေး မတိုင်မီ အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၁၆)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ် ၁ ရက်မှ ၂ရက်အထိ နေပြည်တော်ရှိ ရွှိုင်ရယ်ကုမုဒြာဟိုတယ်၌လည်းကောင်း၊ (၁၄)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးနှင့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို မတ် ၃ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

သတင်းတက်ရောက်ရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာများ တည်းခိုမှုလွယ်ကူရန်အတွက် နေပြည်တော်ဟိုတယ်ဇုန်ရှိ မန်းမြန်မာဟိုတယ်၌ စီစဉ်ပေးထားရာ ဟိုတယ်အခန်းခဈေးနှုန်း၊ ငှားရမ်းလိုသည့် အခန်းအရေအတွက်တို့ကို mannmyanmarhotel@gmail.com နှင့် တယ်လီဖုန်းအမှတ် ၀၆၇-၄၂၂၁၃၁၊ ၀၆၇-၄၂၂၁၃၂၊ ၀၆၇-၄၂၂၁၃၃၊ ၀၆၇-၄၂၂၁၃၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

တက်လှမ်းညီညီကျင့်ဝတ်နှင့်အညီ မီဒီယာကဏ္ဍသစ်ဆီ

ဒေါက်တာသီတာတင်

(ယမန်နေ့မှအဆက်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် IMS တို့အကြားချုပ်ဆိုခဲ့သည့် MoU ပါ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်တစ်ခုမှာ ငြိမ်းချမ်းရေးဖြစ်စဉ်ဟူသော နယ်ပယ်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် သမ္မတကြီးခေါင်းဆောင်သော အစိုးရသစ်သည် ငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးဆွေးနွေးလျက်ရှိပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်သူများသိရှိရန် သတင်းရေးသားတင်ပြမှုသည် ငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်မှုနှင့် ဒီမိုကရေစီစနစ်ခိုင်မာစွာ ပေါ်ထွန်းမှုတို့အတွက် အရေးပါလှပါသည်။ သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းတင်ပြရေးသားရန်အတွက် စာနယ်ဇင်းဆိုင်ရာ ဗဟုသုတကျွမ်းကျင်မှုအပိုင်းတွင် အားနည်းနေမှုနှင့်ပဋိပက္ခများနှင့်ပတ်သက်၍ သတင်းရေးသားရာတွင် တစ်ဖက်သတ်ရေးသားမှုနှင့် တိုက်ရိုက်(သို့)သွယ်ဝိုက်သောအားဖြင့် အကြမ်းဖက်မှုကို ဖြစ်စေနိုင်သည့်လှုံ့ဆော်ရေးသားမှုများပါဝင်နေသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ မလိုလားအပ်သော ကိစ္စရပ်များမဖြစ်ပေါ်စေရန်နှင့် စာနယ်ဇင်း အရည်အသွေးများပြည့်ဝလာစေရန်အတွက် Conflict Sensitive Journalism သင်တန်းများကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၃ ခုနှစ် ဇွန်လအထိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာ၊ ကလေး၊မြစ်ကြီးနား၊ တောင်ကြီး၊ လားရှိုး၊ မကွေးနှင့် ပုသိမ် ၁၁ မြို့များတွင် ပို့ချပေးခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအတွက် Conflict Sensitive Journalism သင်တန်းလက်စွဲကို ရေးသားပြုစုလျက်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပဋိပက္ခဖြစ်စဉ်နှင့် ပတ်သက်သော သတင်းရေးသားမှုအပေါ် မီဒီယာစောင့်ကြည့် (Monitor) လုပ်မည့် အစီအစဉ်ကိုလည်းလုပ်ဆောင်ရန်ရှိပါသည်။ ထို့အပြင် အခြားသော မီဒီယာလက်တွေ့လုပ်ဆောင်သူများနှင့် စာနယ်ဇင်းများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ရန် လက်ရှိဆောင်ရွက်နေသည့် လုပ်ဆောင်မှုများကို ထောက်ပံ့ပေးရန်နှင့် အဖွဲ့အစည်းများနှင့် သင်တန်းပို့ချမှုများ ဆောင်ရွက်ရာတွင် ပါဝင်ကူညီပေးရန်တို့ ဖြစ်ပါသည်။

မီဒီယာဖွံ့ဖြိုးရေးအစီအစဉ်ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာအရ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းအချို့မှ အစီအစဉ်များ ချောမွေ့စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော အစိုးရဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ထောက်ပံ့ပေးရန်၊ ဒေသအဆင့် စီမံချက်လုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တစ်ဆင့်လိုအပ်သော ထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးရန်၊ အစီအစဉ်ကို ချောမွေ့စွာအကောင်အထည်ဖော်ရန်အတွက် အစိုးရဌာန အသီးသီးကြား လိုအပ်သောညှိနှိုင်းဆောင်ရွက်မှုများဆောင်ရွက်ပေးရန် IMS ၏ အတိုင်ပင်ခံပညာရှင်များ နိုင်ငံတကာပညာရှင်များအတွက် လိုအပ်သော အကူအညီများ ထောက်ပံ့ပေးရန် (ဥပမာ-ပြည်ဝင်ခွင့်ဗီဇာ)၊ မြန်မာနိုင်ငံအတွင်း IMS ၏ တည်ရှိမှုကို မှတ်ပုံတင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းတွင် ကူညီထောက်ပံ့မှုပေးရန် အစရှိသည်တို့ဖြစ်ပါသည်။

နိုင်ငံတော်တွင် ဒီမိုကရေစီစနစ်နှင့် မီဒီယာကဏ္ဍပွင့်လင်းလာသည်နှင့်အမျှ အများပြည်သူများသိအပ်သော အစိုးရဌာနဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိစေရန် မီဒီယာနှင့်ဆက်သွယ်၍ ဆောင်ရွက်နိုင်ရန်နှင့် မီဒီယာမှမေးသောမေးခွန်းများကိုဖြေကြားနိုင်ရန် အစိုးရဌာနအသီးသီးတွင် ပြောရေးဆိုခွင့်ရှိသူများအဖွဲ့ ဖွဲ့စည်းထားပါသည်။ သို့သော် နှစ်ပေါင်းများစွာ မီဒီယာနှင့်ထိတွေ့ဆက်ဆံမှု အလေ့အထနည်းပါးခဲ့သောကြောင့် မီဒီယာနှင့် ဆက်ဆံရာတွင် စိုးရိမ်မှုများရှိနေခြင်းနှင့် အတွေ့အကြုံနည်းပါးမှုများမှာ ယနေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှု များပင်ဖြစ်ပါသည်။ ယင်းအခြေအနေများကို ကုစားနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်တွင်း ပြည်ပမှ မီဒီယာ ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြား၍ မီဒီယာနှင့် ထိတွေ့ဆက်ဆံမှု

> **ငြိမ်းချမ်း ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်သူများသိရှိရန်သတင်းရေးသားတင်ပြမှုသည် ငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်မှုနှင့် ဒီမိုကရေစီစနစ် ခိုင်မာစွာ ပေါ်ထွန်းမှုတို့အတွက် အရေးပါလှပါသည်။**

သင်တန်းများကို ပြုလုပ်ပေးခဲ့ပါသည်။ ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအတွက် သတင်းပညာနှင့် ပတ်သက်၍ သိရှိနိုင်စေရန် ပြည်တွင်းပြည်ပမှပညာရှင်များကို ဖိတ်ကြား၍ သင်တန်းများကိုလည်းပို့ချပေးခဲ့ပါသည်။ အဆိုပါသင်တန်းများမှာ ၁၄-၃-၂၀၁၁ မှ ၂၅-၃-၂၀၁၁ ရက်အထိ ဆရာဦးကိုကိုလှိုင်၊ ဆရာမောင်ဝံသ၊ ဆရာဦးရဲနိုင်မိုး၊ ဆရာဦးကိုကို (စက်မှုတက္ကသိုလ်)၊ ဆရာ ဦးဟိန်းလတ်၊ ဆရာဦးတင့်ဆွေ၊ ဆရာဦးရဲမြင့်ဖေနှင့် ဆရာဦးမြတ်ခိုင်တို့သင်ကြားပေးသည့် သတင်းထောက်သင်တန်း၊ ၂၀၁၁ ခုနှစ် မေလမှ အောက်တိုဘာလအတွင်း ဆရာဦးရဲနိုင်မိုးက သင်ကြားပေးသည့် သတင်းမီဒီယာနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်း ငါးကြိမ်၊ ၁၉-၁၁-၂၀၁၂ မှ ၂၃-၁၁-၂၀၁၂ အထိ UNESCO အထောက်အပံ့ဖြင့် မီဒီယာပညာရှင် Mr. Graham Wattas နှင့် Ms. Sardra တို့က သင်ကြားပေးသော Public Relations Training For Government Officials သင်တန်း၊ ၂၆-၁၂-၂၀၁၂ မှ ၂၈-၁၂-၂၀၁၂ အထိ UNESCO ၏ အထောက်အပံ့ဖြင့် ဆရာဦးရဲနိုင်မိုး သင်ကြားပေးသော Public Relations Training For Government Officials သင်တန်း၊ အများပြည်သူဝန်ဆောင်မှုသတင်းစာ အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ ပြန်ကြားရေးဝန်ကြီးဌာနရှိ သတင်းထောက်များကို သတင်းပညာသင်တန်းများ၊ ၂၂-၅-၂၀၁၃ မှ ၂၃-၅-၂၀၁၃ အထိ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် မီဒီယာပညာရှင်များဖြစ်သည့် Ms. Barbarar Swann၊ Mr. Blair Levin၊ Mr. David D Oxensord နှင့် Mr. Jim Me Queeny တို့က သင်ကြားပေးသည့် The Development of Communication Strategy သင်တန်း၊ ၁၆-၇-၂၀၁၃ မှ ၁၇-၇-၂၀၁၃ အထိ စင်ကာပူနိုင်ငံ အထောက်အပံ့ဖြင့် ပညာရှင် Ms. K Bhavani က သင်ကြားပေးသည့် Crisis Media Management သင်တန်း၊ ၁၄-၈-၂၀၁၃ မှ ၂၃-၈-၂၀၁၃ အထိ အမေရိကန်နိုင်ငံ USAID အထောက်အပံ့ဖြင့် မီဒီယာပညာရှင် Ms. Margnenite Sullivan သင်ကြားပေးသည့် မီဒီယာကိုထိရောက်စွာ အသုံးချရေး သင်တန်း နှစ်ကြိမ်၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း ဂျာမနီနိုင်ငံ၏ အထောက်အပံ့ဖြင့် ဦးသီဟန်မျိုးညွန့်၊ The Hiroshima Peace Institute မှ Professor Dr. N Ganesan၊ ဆရာမဒေါ်စိမ့်ရီထက်နှင့် ဆရာ Dr.တင်မောင်မောင်သန်းတို့ သင်ကြားပေးသည့် Civil Service Training သင်တန်း သုံးကြိမ်၊ ၁၀-၁၀- ၂၀၁၃ မှ ၁၁-၁၀-၂၀၁၃ အထိ Dr.ဒေါ်သီတာတင် သင်ကြားပေးသည့် မီဒီယာအကြောင်းနှင့် ပြည်သူ့ဆက်ဆံရေးသင်တန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ၁၂-၁၁-၂၀၁၃ မှ ၁၄-၁၁-၂၀၁၃ အထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် ဆရာဦးရဲနိုင်မိုးတို့ သင်ကြားပေးသည့် ပြည်သူ့ဆက်ဆံရေးသင်တန်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၄ ရက်အထိ ဂျာမနီနိုင်ငံ Konrad Adenauer Stiftung အဖွဲ့၏ အထောက်အပံ့ဖြင့် The Hiroshima Peace Institute မှ Professor Dr. Ganesen နှင့် ဆရာမ ဒေါ်စိမ့်ရီထက်တို့ သင်ကြားပေးသည့် Civil Service Training သင်တန်း နှစ်ကြိမ်တို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာမီဒီယာကဏ္ဍသည် တာဝန်သိသော၊ တာဝန်ခံသော မီဒီယာဝန်းကျင်ကောင်းတစ်ခု ပေါ်ပေါက်လာစေနိုင်မည်ဖြစ်ပါသည်။

ကလောင်အစွမ်းဖြင့် ကောင်းမှုပြုနိုင်သလို၊ ကလောင်အစွမ်းဖြင့် မတည်ငြိမ်မှုနှင့် အကျိုးယုတ်စေမှုများဖြစ်စေနိုင်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်နှင့် လူမှုအသိုက်အဝန်းအပေါ် အကျိုးပြုမည့် တာဝန်သိသော၊ တာဝန်ခံသော၊ ကျင့်ဝတ်နှင့်ညီသော မီဒီယာဝန်းကျင်ဖြစ်ပေါ်ရေးမှာ တစ်ဦး တစ်ယောက်ကောင်းရုံမျှဖြင့် မရနိုင်၊ တစ်စုတစ်ဖွဲ့ကောင်းရုံမျှဖြင့် မရနိုင်၊ အစိုးရအဖွဲ့ကောင်းရုံမျှဖြင့် မရနိုင်ပါ။ သက်ဆိုင်သည့်သူများအားလုံး (Stakeholders) များမှ တက်ညီလက်ညီဖြင့် လုပ်ဆောင်မှသာလျှင် အများပြည်သူများလိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုများ အစဉ်သဖြင့် ရရှိနိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ အလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်

မန္တလေး ဖေဖော်ဝါရီ ၁၇

မန္တလေးမြို့ ကိုယ်ပွားသတင်းစာတိုက်မှ ပုံနှိပ်ဖြန့်ချိလျက်ရှိသော နေ့စဉ်ထုတ်မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို မန္တလေးမြို့တွင်း ငါးမြို့နယ်ရှိ ဂျာနယ်အရောင်းဆိုင် ၁၀၀ ကျော်သို့ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နေ့စဉ်ပို့ဆောင်ဖြန့်ချိပေးလျက်ရှိရာ နံနက်စောစောမှာပင် အလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခင်က ဆိုင်များတွင် ရောင်းချလိုသော်လည်း မှာယူရန် အခက်အခဲများရှိနေသဖြင့် ရောင်းချခွင့်မရခဲ့ကြောင်းနှင့် ယခုလိုဆိုင်အရောက်ပို့ဆောင်ဖြန့်ချိပေးခြင်းအတွက် ကြိုဆိုပါကြောင်း (၂၆)လမ်းမပေါ်တွင် ဆိုင်ဖွင့်ရောင်းချသူ မနှင်းခိုင်က ပြောသည်။

"ကျွန်မဆိုင်မှာ နေ့စဉ်ထုတ် သတင်းစာမျိုးစုံ ရောင်းပါတယ်။ မြန်မာ့အလင်းနဲ့ ကြေးမုံပဲ ဘယ်လိုမှာရမှန်း မသိလို့ ဝယ်သူရှိပြီး မရောင်းရဘူး ဖြစ်နေတယ်။ အခုလို ဆိုင်အရောက်ပို့ပေးတဲ့အပြင် ဆိုင်မဖွင့်ခင်ရောက်ရှိအောင် ဝန်ဆောင်မှုပေးတဲ့အတွက် အဆင်ပြေသွားပါတယ်"ဟု ၎င်းက ပြောသည်။

နေ့စဉ်ထုတ်သတင်းစာမျိုးစုံကို စိတ်ကြိုက်ဝယ်ယူဖတ်ရှုနေသူ ဦးမျိုးအောင်ကလည်း "ရွေးချယ်စရာတွေများလှတဲ့ ယနေ့ခေတ်မှာ သတင်းစာတွေကလည်း မျိုးစုံထွက်ရှိနေပါတယ်။ ထွက်လာတဲ့သတင်းစာတိုင်းမှာလည်း သတင်းဦး၊ သတင်းထူးနဲ့ ဗဟုသုတရစရာအချက်တွေ အသီးသီးပါဝင်နေတဲ့အတွက် တစ်နေ့ကို သုံးစောင်လောက် စိတ်ကြိုက်ရွေးချယ် ဝယ်ယူဖတ်ရှုနေတယ်။ ဒါကြောင့် အလွယ်တကူဝယ်ယူလို့ရအောင် ဖြန့်ချိရေးစနစ်ကောင်းမွန်ဖို့လိုပါတယ်"ဟု ပြောသည်။

မန္တလေးမြို့တွင်း ငါးမြို့နယ်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ သတင်းစာဖတ်ပရိသတ်တွေ နံနက်စောစော သတင်းစာဖတ်ရှုစေဖို့ ရည်ရွယ်ချက်နဲ့ သတင်းစာကိုယ်စားလှယ်ရုံးတွေအပြင် ဂျာနယ်အရောင်းဆိုင်တွေအရောက် နေ့စဉ်ဖြန့်ချိပေးလျက်ရှိပြီး နံနက် ၆ နာရီမှစတင်၍ ဖြန့်ချိရေးလုပ်သား လေးဦးက ဆိုင်ကယ်များဖြင့် မှာယူသည့် စောင်ရေများအတိုင်း ပို့ဆောင်နေကြောင်း ကိုယ်ပွားသတင်းစာတိုက်မှ စာတည်းမှူးက ပြောကြားသည်။

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများအား ယခင်က မြို့နယ်အလိုက် သတ်မှတ်ထားသည့် သတင်းစာဖြန့်ချိရေးကိုယ်စားလှယ်ကြီးများမှတစ်ဆင့် လပေးစနစ်ဖြင့်သာ ဖြန့်ချိရောင်းချပေးခဲ့သော်လည်း ပြည်သူများအလွယ်တကူဝယ်ယူဖတ်ရှုနိုင်၍ အသိပညာဗဟုသုတများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ယခုလိုဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် သတင်းစာ၏ အသွင်သဏ္ဌာန်၊ အနှစ်သာရနှင့် အရေးအသားများပါ ပြောင်းလဲ၍ ဝန်ဆောင်မှုပေးနေပြီး မှာယူ ဖတ်ရှုလိုသူများ၊ ဆိုင်တင် ရောင်းချလိုသူများအနေဖြင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် လမ်း ၂၀ နှင့် ၂၁ လမ်းကြား၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားရှိ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)ဖုန်း-၀၂-၇၃၂၁၉၊ ၀၂-၃၂၇၂၉၊ ၀၂-၃၉၉၃၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မင်းထက်အောင်
(မန်းကိုယ်ပွား)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှင်းလင်း

ပင်လောင်း ဖေဖော်ဝါရီ ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံးခွဲ (အောင်ပန်း)မှ ဦးစီးမှူး ဒေါ်သန္တာ၊ ဦးဇော်ကိုကိုဖေ (စစ်ဆေးမှူး-၂)၊ ပြည်နယ်ရုံး (တောင်ကြီး)၊ ဦးစိုင်းကြည်တင့် (စစ်ဆေးရေးမှူး-၂) ပြည်နယ်ရုံးခွဲ (အောင်ပန်း)နှင့် ဒုရဲအုပ်ဝင်းမင်းထွေး(ယာဉ်ထိန်းတာဝန်ခံ)တို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ထိန်ပင်အုပ်စု မိုးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း၌ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁၁ နာရီက တိုင်းရင်းသား ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး လမ်းအသုံးပြုသူများ လိုက်နာရမည့် ယာဉ်စည်းကမ်းများ၊ လမ်းအမှတ်အသားများ၊ ယာဉ်တိုက်မှုပြစ်မှု ပြစ်ဒဏ်များအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြောကြားခဲ့သည်။

အုန်းမြင့်

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ

ဟိုတယ်များ အရည်အသွေးမြှင့်တင်ရန်လိုအပ်၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်ကျင်းပ

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

"မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဟိုတယ်များ အရည်အသွေးမြှင့်မားရေး၊ ဟိုတယ်ဝန်ထမ်းများရဲ့ အရည်အသွေး မြှင့်တင်ရေး၊ ဟိုတယ်များရဲ့ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်ရေးနဲ့ ဟိုတယ်များအနေနဲ့ CSR လုပ်ငန်းတွေကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရေး" စသည်ဖြင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ Dolphin စားသောက်ဆိုင်ခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသည့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရန်ဝင်းက အမှာစကားပြောကြားပြီးနောက် အခမ်းအနားအစီအစဉ်များအတိုင်း ကျင်းပသည်။ ဒုတိယပိုင်း အစီအစဉ်အဖြစ် အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်းကို ဆန္ဒပြုမဲပေးရွေးချယ်ခဲ့ပြီး အတည်ပြုမှတ်တမ်းတင်ကြသည်။

အဆိုပါအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာဦးရဲနိုင်ကလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် နိုင်ငံပိုင်သတင်းစာများအနေဖြင့်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်၍ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံပိုင်သတင်းစာများကို နိုင်ငံတစ်ဝန်းရှိ ဟိုတယ်များသို့ ဟိုတယ်အထပ်၊ အလွှာများအလိုက်အပြင် တည်းခိုနေသည့် ပြည်တွင်းပြည်ပဧည့်သည်များအတွက် ကိုယ်စီသတင်းစာဖတ်ရှုနိုင်ရန် စောင်ရေများတိုးမြှင့်ပြီး အချိန်အစောဆုံးဖတ်ရှုနိုင်ရန် သီးသန့်ပို့ဆောင်ပေးမည့် အစီအမံကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာများ လျှပ်စစ်မီးလင်းတော့မည်

ဒီပဲယင်း ဖေဖော်ဝါရီ ၁၇

မြို့ရွာများ အမြန်ဖွံ့ဖြိုးတိုးတက်ရမည် ဆောင်ပုဒ်နှင့်အညီ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့်ကျေးလက်ဒေသ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို နည်းသထက်နည်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များချမှတ်၍ အားကြိုးမာန်တက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ မြို့ပြနည်းတူ လျှပ်စစ်မီးများ ၂၄ နာရီရရှိအောင် ကျေးရွာများအရောက် လုပ်ဆောင်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ကျေးရွာ ၃၆ ရွာရှိ ကျေးရွာပြည်သူများသည် မြရိပ်ဆရာတော် အရှင်ခေမာစာရာဘိဝံသ ဦးဆောင်မှုဖြင့် မြို့နယ်တာဝန်ရှိသူများညှိနှိုင်းကာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် သဖန်းဆိပ်ဆည် ရေအားလျှပ်စစ်စက်ရုံ ငပျောဒိုင်းဓာတ်အားခွဲရုံမှ ၂၄ နာရီ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်လျက်ရှိရာတွင် မီးတိုင်ထူ၊ မီးကြိုးသွယ်တန်းသည့်အဆင့်သို့ရောက်ရှိနေပြီး လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်း၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းခြင်းလုပ်ငန်း စနစ်ကျမှုရှိအောင်နှင့် သတ်မှတ်ချိန်အတွင်း ၂၄ နာရီလျှပ်စစ်မီးလင်းနိုင်အောင် မြို့နယ်လျှပ်စစ်မှူး ဦးမြင့်နိုင်ဦး၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးလွင်တို့က နများကျေးရွာ၊ ယဉ်ကျေးကျေးရွာ လျှပ်စစ်မီးတိုင်စိုက်ထူခြင်း၊ လျှပ်စစ်မီးကြိုးများသွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပအောင်၊ ကျေးလက်နေပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လျှပ်စစ်မီးသုံးစွဲသွားနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုပြီး ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကေကေ(ဒီပဲယင်း)

မြန်မာနိုင်ငံတင်ပို့မည့် ရူပီးသိန်း ၆၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

တမူး ဖေဖော်ဝါရီ ၁၇

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ သယ်ဆောင်လာသော ရူပီးသိန်း ၆၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားကို မီဇိုရမ်ပြည်နယ် အိုက်ဇောလ်မြို့ပေါ်တွင် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဒေသခံအာဏာပိုင်များက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသို့တင်ပို့မည့် ဆူဒိုအက်ဖီဒရင်း စိတ်ကြွရူးသွပ်ဆေးပြား အလုံးရေ ၁၅ သိန်း၊ တန်ဖိုးအားဖြင့် ရူပီးငွေသိန်း ၆၀ ကျော်ရှိ မူးယစ်ဆေးဝါးများနှင့် မြန်မာနိုင်ငံဘက်မှ သယ်ဆောင်လာသော ဘိန်းဖြူ ၁၄ ဂရမ်ကို **(ယာပုံ)** မီဇိုရမ်ပြည်နယ် အိုက်ဇောလ်မြို့ ရပ်ကွက်တစ်ခုတွင် ဒေသခံအာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အလားတူ ချင်းပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသော မီဇိုရမ်ပြည်နယ်တွင် ပြီးခဲ့သည့် ၂၉ ရက်ကလည်း မြန်မာနိုင်ငံမှတင်သွင်းသော ရူပီးငွေ ၂၂၄ သိန်းခန့်ရှိ လူကိုမူးယစ်စေတတ်သော Methamphetamine စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကျော်ကိုလည်း ထပ်မံဖမ်းဆီးရမိခဲ့ပြီး ယင်းဆေးပြားများသည် မြန်မာနိုင်ငံမှတစ်ဆင့် မီဇိုရမ်ပြည်နယ်၊ မဏိပူရ်ပြည်နယ်များကို ဖြတ်ကျော်ကာ အိန္ဒိယမြို့ကြီးများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အခြားသောနိုင်ငံကြီးများတွင် မှောင်ခိုတင်သွင်းနေကြသည်ဟု မီဇိုရမ်နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါမူးယစ်ဆေးဝါးများသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှတစ်ဆင့် အဓိကမှောင်ခိုတင်သွင်းသော ဆေးဝါးများဖြစ်သဖြင့် နယ်စပ်ဒေသများဖြစ်ကြသော ကလေး၊ တမူး၊ ဖလမ်း၊ မော်လိုက် စသည့် လေးခရိုင်၌ ၂၀၁၃ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးမှု အများဆုံးခရိုင်မှာ ကလေးအခရိုင်ဖြစ်ကြောင်း သိရသည်။

ချင်းတွင်းသား

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
မင်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ မင်နှင့်ပုံနှိပ်ရေးပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	Web Offset Ink (Black)	- 74000	Kgs
(ခ)	Web Offset Ink (Cyan)	- 21000	Kgs
(ဂ)	Web Offset Ink (Maganta)	- 13000	Kgs
(ဃ)	Web Offset Ink (Yellow)	- 15000	Kgs
(င)	Sheet Fed Ink Black	- 5100	Kgs
(စ)	CTP Plate 889x609x0.3mm(Fuji)	- 38400	Shts
(ဆ)	CTP Plate 889x609x0.3mm(Kodak)	- 53400	Shts
(ဇ)	Developer (Fuji)	- 8900	Liters
(ဈ)	Developer (Kodak)	- 6400	Liters
(ည)	Replenisher (Fuji)	- 4000	Liters
(ဋ)	A3 Toner 5000N 29x	- 20	Boxs
(ဌ)	Gum Arabic	- 2000	Liters
(ဍ)	Wipe on Aluminium Plate(745x635x0.24)mm	- 1000	Shts
(ဎ)	Wipe on Aluminium Plate (650x550x0.24)mm	- 12200	Shts
(ဏ)	Wipe on Aluminium Plate (825x710x0.24)mm	- 200	Shts
(တ)	Ortho Flim (22"x32")	- 160	Boxs
(ထ)	Film Developer	- 100	Boxs
(ဒ)	Film Fixer	- 100	Boxs
(ဓ)	Rubber Blank for Orient Xcel	- 80	Shts
(န)	Stencil Paper (48 sheets/box)	- 150	Boxs
(ပ)	Duplicating Ink Tube	- 120	Boxs
(ဖ)	Coating A+B	- 1000	Nos
(ဗ)	Developing Lacquer	- 800	Liters

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၄ ရက်မှ ၁၈-၃-၂၀၁၄ ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၄ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန် လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊၀၆၇-၄၁၂၁၂၈

တင်ဒါတင်သွင်းရန် လိပ်စာ
ပြည်တွင်း၊ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
CTP (Computer to Plate)Machine ဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် CTP (Computer to Plate)Machine စက်ကို နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-
(က) CTP (Computer to Plate)Machine - 3 Set
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၄ ရက်မှ ၁၈-၃-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၄ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန် လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊၀၆၇-၄၁၂၁၂၈

တင်ဒါတင်သွင်းရန် လိပ်စာ
ပြည်တွင်း၊ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးသတင်းစာစက္ကူဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးသတင်းစာစက္ကူများကို နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်းဝယ်ယူလိုပါသည်-
(က) Newsprint Paper (48.8 Gsm)(30") High Bright - 6300 တန်
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၄ ရက်မှ ၁၈-၃-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်ဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန် လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊၀၆၇-၄၁၂၁၂၈

တင်ဒါတင်သွင်းရန် လိပ်စာ
ပြည်တွင်း၊ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆၉၊ မြေကွက်အမှတ် ၁၂၆၆၊ မြေအကျယ်အဝန်း (အလျား ပေ၄၀×အနံ ပေ၆၀)ရှိ ဦးမျိုးမြင့်အမည်ဖြင့် ရရှိထားသည့် ပါမစ်မြေကွက်နှင့် မြေကွက် အမှတ် ၁၂၆၇၊မြေအကျယ်အဝန်း (အလျား ပေ၄၀×အနံ ပေ၆၀)ရှိ ဒေါ်ကြင်မြအမည်ဖြင့် ရရှိထားသည့် ပါမစ်မြေကွက်၊ ဖော်ပြပါ မြေကွက်နှစ်ကွက်ကို ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းဖေဝင်း ၁၂/ဥကမ(နိုင်) ၀၀၁၄၃၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L) အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊(၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
Fax & Ph -၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊၀၉-၅၁၅၁၈၃၃

တစ်ဦးတည်း ဖြစ်ပါကြောင်း

ပုသိမ်တက္ကသိုလ် ရူပဗေဒဘာသာရပ်တွင် ပညာသင်ကြားနေသော မောင်ဇင်မျိုးမြတ် ၁၄/လမန(နိုင်)၀၉၆၇၀၀ ၏ ဖခင် ဦးသန်းဝင်း(ခ)ဦးရွှေထွန်းကြာ ၁၄/လမန(နိုင်)၀၄၅၉၆၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့(ကန်တော်မင်တိုက်နယ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂အိပ်ချ်၊ မြေကွက်အမှတ်(၁)၊ ဇရိယာ ၀ဒသမ၀၄၀ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်မိုးစိန် ၁၂/မဂတ(နိုင်)၀၂၅၁၆၉ထံမှအပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြကြည် (B.A, R.L) တရားလွှတ်တော်ရှေ့နေ(၃၉၃၇)
အမှတ် ၁၂၇၊ ၁၄လမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၀၁၅၂၅၈၃၀

ပြည်တွင်းသတင်း

ကျောက်တံခါးမြို့နယ်တွင် တောင်သူများ နွေစပါးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်

ကျောက်တံခါး ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် လယ်မြေဧကပေါင်း ၁၅၀၈၅၄ ဧကနှင့် တောင်သူပေါင်း ၂၂၈၃၈ ဦးရှိပြီး မိုးစပါးကို ၁၄၉၆၃၇ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းသီးနှံများဖြစ်သော ဆီထွက်သီးနှံ ဧက ၈၁၆၀၊ ပဲမျိုးစုံ ၁၃၇၃၉၂ ဧက၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ဧက ၃၇၈၂ စုစုပေါင်းဆောင်းသီးနှံ ၁၄၉၃၃၄ ဧကစိုက်ပျိုး၍ ယခုအခါနွေစပါးကို တောင်သူများအနေဖြင့် ထပ်မံစိုက်ပျိုးခဲ့ရာ နွေစပါးအတွက် ရေရရှိရေးကို ပဲခူးရိုးမမှ စီးဆင်းလာပြီး စစ်တောင်းမြစ်အတွင်းသို့ ဝင်ရောက်သည့် အိုင်တုံချောင်းကိုပိတ်၍ ချောင်းနှင့်နီးစပ်ပြီး ရေသွယ်တန်းရယူ၍ရသော နေရာများတွင် နွေစပါးဧက ၁၄၄၈ ဧကကို တောင်သူများက စိုက်ပျိုးခဲ့ရာ ယခုအခါနွေစပါးများ ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

တောင်သူများ နွေစပါးဖြစ်ထွန်းအောင်မြင်နိုင်ရေးအတွက် ကျောက်တံခါးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်စိုက်ကြပ်များက ကွင်းဆင်းကြီးကြပ်၍ စပါးပျိုးထောင်နည်းနှင့် စိုက်စနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ အချိုးကျသုံးစွဲနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းနိုင်ရေးတို့ကို တောင်သူများအား လိုက်လံရှင်းလင်း ဆောင်ရွက်ပံ့ပိုးပေးခဲ့ပြီး နွေစပါးစိုက်ပျိုးရန်အတွက် ပုလဲသွယ်မျိုးစပါးနှင့် ဆင်းသုခမျိုးစပါးတို့ကိုလည်း ပံ့ပိုးရောင်းချပေးခဲ့ကြောင်းနှင့် မိုးစပါး၊ ဆောင်းသီးနှံနှင့် ယခုနွေစပါးစိုက်ပျိုးချိန်တို့တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကတစ်သိန်းနှုန်းထုတ်ချေးခဲ့ပြီး တောင်သူများအနေဖြင့် အဆင်ပြေမှုများရှိကြောင်း၊ နွေစပါးစိုက်ပျိုးရာတွင် ဆင်းသုခနှင့်ပုလဲသွယ်မျိုးစပါးတို့မှာ ပျိုးထောင်ရက် ၂၀ ရက်ဖြစ်ပြီး စိုက်ပျိုးချိန်ရက်ပေါင်း ၁၁၀ ဆိုလျှင် စပါးများရိတ်သိမ်း၍ရပြီး ပုလဲသွယ်စပါးမှာ တစ်ဧကလျှင် တင်း ၁၅၀ ကျော်ထွက်ရှိပြီး ဆင်းသုခစပါးမျိုးမှာ တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိကြောင်း၊ ယခုအခါ ကျောက်တံခါးမြို့နယ်တွင် တောင်သူများအနေဖြင့် မိုးစပါး၊ ဆောင်းသီးနှံ၊ ယခု စိုက်ပျိုးလျက်ရှိသော နွေစပါးများမှာ ဖြစ်ထွန်းအောင်မြင်နေ၍ တောင်သူများအနေဖြင့် စီးပွားရေးအဆင်ပြေမှုများ ရရှိခံစားနေရပြီး စိုက်ပျိုးစရိတ် ချေးငွေများကိုလည်း သတ်မှတ်ချိန်တွင် အဆင်ပြေစွာ ပြန်လည် ပေးဆပ်နိုင်ကြမည်ဖြစ်ကြောင်း နွေစပါးစိုက် တောင်သူများက ပြောပြ၍ သိရသည်။

ခင်ကို(ကျောက်တံခါး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၉၀၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၈၅၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၈၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၅-၉၉၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၈-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၆-၃၀.၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၇၃-၁၆.၂	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၄	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၃-၃၁၆	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၁၀၀-၃၆၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၅၆၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၆၀၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၈၀၀-၉၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧည့်ယာအသစ်)	တစ်အိတ်	၁၆၅၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၇၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၈၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၅၀-၅၀၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၂၂၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၉၀-၇၉၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၄၇၀၀
၁၂။ သကြား	တစ်ပိဿာ	၈၅၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

အမည်ပြောင်း

မပန်းဝတ်ရည်အား ယနေ့မှစ၍ မပန်းဝင့်စံဟု ပြောင်းလဲခေါ်ပါရန်။ **မပန်းဝင့်စံ**

လူပျောက်

ဦးသိန်းငွေး အမြန်ပြန်လာပါ။ အမေစိတ်ပူနေတယ်။ တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၇၃၀၇၃၂၄၆၊ ၀၉-၄၉၁၁၃၃၅၀

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ K၊ မြေကွက်အမှတ် ၁၁၁N၆၊ မြေကွက်တည်နေရာအမှတ်၅၁၊ ရွှေတောင်ကြားလမ်း၊ရွှေတောင်ကြား (၂)ရပ်ကွက် ၊ ဗဟန်းမြို့နယ်ဦးဘိုဘိုဖေသန်းဝင်း၊ ဒေါ်မိမိကြည် အမည်ပေါက် မြေပိုင်မြေအားအမည်ပေါက် (ဖခင်)ဦးဖေသန်းဝင်း-ဒေါ်မိမိကြည်(မိခင်) ကွယ်လွန်သဖြင့် ပူးတွဲမြေအမည်ပေါက်(မိခင်)ဒေါ်မိမိကြည်၏ ပိုင်ဆိုင်ခွင့်အစုကို ဦးဘိုဘိုဖေသန်းဝင်း ၁၂/ဗဟန(နိုင်)၀၄၅၈၂၃က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကိုန်လွှာသေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဝမ်းချုပ် အပူအပုပ်များပြီး

ခေါင်းကိုက်၊ဇက်ကြောထိုး၊ညောင်းညာမအီမသာဖြစ်နေသူများအတွက်

ဗိုက်မရစ် ဗိုက်မနာ ဝမ်းသွားအားရစေသော

စုစုအေးအောင် ဝမ်းမှန် အကြောပြေဆေး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၉၉၃၆၊ Willy M-170 S/W(4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထွန်း ၁၂/ကမတ(နိုင်)၀၅၄၆၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်

စိုက်ပျိုးမြေ၊ မျိုးနှင့် လုပ်အားရှိသော်လည်း ဈေးကွက်မရှိ၍ ကျေးလက်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုနေးကွေး

ရေစကြို ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် အပူပိုင်းမိုးနည်းဒေသဖြစ်သော်လည်း နှမ်းစပါး၊ မိုးစပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ စားဖိုဆောင်သီးနှံအမျိုးမျိုးတို့ကို ဒေသခံတောင်သူများသည် ရာသီအလိုက် စိုက်ပျိုးလျက်ရှိသည်။

အထူးသဖြင့် ကျေးလက်နေတောင်သူများသာမက ငွေကြေးတတ်နိုင်သူများပါ စိတ်ဝင်စားစွာစိုက်ပျိုးကြသော ကြက်သွန်နီစိုက်ပျိုးမြေမှာ ဧက ၇၀၀၀ ကျော်ရှိပြီး နှစ်စဉ်ထုတ်လုပ်မှုပမာဏမှာ ပိဿာချိန် ငွေကျပ် သိန်း ၂၅၀ ကျော်ခန့် ထွက်ရှိကြောင်း သိရသည်။

အဆိုပါထွက်ရှိသော ကြက်သွန်နီများမှာ ပြည်တွင်းဈေးကွက် ပုံမှန်မရှိသည့်အတွက် ဈေးကွက်အတွင်း စောစောရောက်သော ကြက်သွန်များ ဈေးကောင်းရသော်လည်း နောက်ကျသော ကြက်သွန်များ ဈေးကောင်းမရ၍ အရှုံးပေါ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။ ရေစကြိုမြို့မှ ကြက်သွန်နီပွဲစားကြီး ဦးစန်းယုက "ကျွန်တော်တို့မြို့နယ်မှာ ကြက်သွန်နီအထွက်ကောင်းပါတယ်။ ဒီနှစ် ပြာသိုလမှာပေါ်တဲ့ ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၆၀၀ မှ ၆၅၀ ဈေးနဲ့ဝယ်ပါတယ်။ အခု တပို့တွဲလမှာပေါ်တဲ့

ကြက်သွန်နီကိုတော့ တစ်ပိဿာ ငွေကျပ် ၄၀၀ မှ ၄၅၀ ဈေးပေးဝယ်ပါတယ်။ တပေါင်းလကုန်ခါနီးဆိုရင် ဆောင်းစိုက်ကြက်သွန်တွေ ပေါ်ဦးမယ်။ အခု ကျွန်တော်ဝယ်တဲ့စနစ်က တောင်သူတွေ မနစ်နာအောင် စိုက်ခင်းထဲအရောက် ကားထိုးပေးပြီး တစ်ပိဿာ ငွေကျပ် ၄၀၀ နဲ့ဝယ်တော့ တောင်သူတွေမှာ ပွဲခမပေးရဘူး၊ သယ်ယူစရိတ် သက်သာတော့ ကျွန်တော့်ပွဲရုံမှာ တစ်ရက် ပိဿာချိန် ၂၀၀၀၀၊ ၃၀၀၀၀ အဝင်ရှိတယ်ဗျ။ ဝယ်ရသမျှ ကြက်သွန်ကို အကြီး၊ အလတ်၊ အသေးသုံးစား ခွဲသန့်စင်ပြီး ရန်ကုန်-ဘုရင့်နောင်ပွဲရုံကို ပို့ပါတယ်။ တန်ဆာခက တစ်ပိဿာ ၄၅ ကျပ်ပေးရတယ်။ အမြတ်နည်းနည်းနဲ့ အရေအတွက် များများပို့ရတော့ ကျွန်တော့်အတွက်လည်း မဆိုးပါဘူး။ ခက်တာက တောင်သူတွေဘဝပါပဲ။ သူတို့မှာ မျိုးလည်းရှိ၊ မြေလည်းရှိ၊ လုပ်အား လည်းရှိပါတယ်။ ဒါပေမယ့် ထွက်ရှိလာတဲ့ပစ္စည်းကျတော့ ပုံမှန်ဈေးကွက်မရှိတော့ သူတို့ဘဝက မဖွံ့ဖြိုးဘဲဖြစ်နေတယ်။ တကယ်လို့သာ အခြားသီးနှံတွေလို ချေးငွေလည်းရမယ်၊ ထွက်ရှိလာသမျှကိုလည်း မျှတတဲ့ဈေးနှုန်းနဲ့ ဝယ်မယ်ဆိုရင် တောင်သူတွေ အကျိုးများတိုးပွားပြီး လူမှုစီးပွားဘဝတွေ တိုးတက်လာကြမှာပါ။ အဲဒီလို အာမခံချက်သာရှိမယ်ဆိုရင် လက်ရှိစိုက်ဧကအပြင် ချင်းတွင်းမြစ်ရိုးတစ်လျှောက် သဲသောင်မြေဧကတွေ ရာပေါင်းများစွာဟာလည်း ကြက်သွန်မြေတွေဖြစ်လာပြီး ဒေသခံတွေ စီးပွားရေးလည်း တိုးတက်လာမှာပါ"ဟု ပြောပြသည်။

ဖေထွဏ်းဇော်(ရေစကြို)

တောင်ကျရေများတိုက်စားခြင်း ကာကွယ်ရန် မြေထိန်းနံရံတည်ဆောက်

လင်းခေး ဖေဖော်ဝါရီ ၁၇

နှစ်စဉ် မိုးတွင်းကာလသို့ ရောက်လျှင် သည်းထန်စွာရွာသွန်းသည့် မိုးရေအရှိန်များနှင့် တောင်ပေါ်မော်တော်ကားလမ်း တောင်ကျရေတိုက်စားမှုကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် နမ့်စန်-မိုးနဲ-လင်းခေးသွား မော်တော်ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၄၆/၇) ပစောက်ကွေ့ လမ်းအဆင်းနေရာနှင့် မဝေးသည့်နေရာတွင် ကားလမ်းနံဘေး မြေကမ်းပါးနံရံပြိုကျခြင်းများ မကြာမကြာ ဖြစ်ပေါ်လေ့ ရှိတတ်သောကြောင့် လမ်းပိတ်ဆို့ခြင်းဖြင့် ခရီးသွားလာမှုအချိန်ကို ကြန့်ကြာစေခြင်းများကို ဖြစ်ပေါ်စေခဲ့သည်။

သို့ဖြစ်၍ လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ယခင်နှစ်မိုးတွင်းကာလ၌ မိုးသည်းထန်စွာရွာသွန်း၍ ကားလမ်းမြေပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် အဆိုပါနေရာကို ကျောက်စီနံရံတံတိုင်းကာ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက်တွင် အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်သောကြောင့် မော်တော်ယာဉ်မောင်းနှင်သူများနှင့် ခရီးသွားပြည်သူအပေါင်းက ယခုအခါ မိမိတို့ခရီးသွားလာမှုမှာ ပိုမိုလျှင်မြန် အဆင်ပြေချောမွေ့တော့မည်ဖြစ်ပြီး ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမှုများကို ခံစားရရှိကြရသည်ဟု ကြားသိရသည်။ တည်ဆောက်ပြီးစီးသွားသည့် ကျောက်စီမြေထိန်းနံရံမှာ အရှည် ၇၅ပေ၊ အမြင့် ၅၃ ပေရှိကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၁၇

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကရင်ပြည်နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ၊ ကလပ်အသင်းပေါင်းစုံ အမျိုးသား အမျိုးသမီး(အလွတ်တန်း) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁၂ နာရီက ဘားအံမြို့ရှိ ကရင်ပြည်နယ် မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲတွင် ဆက်သွယ်ရေး(၇)အသင်းက ဘားအံမြို့နယ်အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲပြီး အမျိုးသားဗိုလ်လုပွဲတွင် ဖာပွန်မြို့နယ်အသင်းက အမှတ်(၅)ရပ်ကွက် ကလပ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရဗိုလ်စွဲသွားသည်။

အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ဘားအံတက္ကသိုလ်အသင်းနှင့် ဟာမိုနီကလပ်အသင်း၊ ဒုတိယဆုရ ဘားအံမြို့နယ်အသင်း၊ ပထမဆုရ ဆက်သွယ်ရေး(၇)အသင်းနှင့် အကောင်းဆုံး အမျိုးသမီးဘော်လီဘောကစားသမားဆုရ မြင့်မြတ်ရွှေ(ဘားအံမြို့နယ်)တို့ကို ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီမှ တာဝန်ရှိသူများက ငွေသားဆုများ ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ဘားအံမြို့နယ် အသင်းနှင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရအမှတ်(၅)ရပ်ကွက် ကလပ်အသင်း၊ ပထမ ဆုရ ဖာပွန်မြို့နယ် ဘော်လီဘောအသင်းနှင့် အကောင်းဆုံး ဘော်လီဘောအားကစားသမားဆုရ အောင်သူရ(ဖာပွန်မြို့နယ်)တို့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဇော်မင်းက ပထမ၊ ဒုတိယနှင့် တတိယငွေသားဆုများနှင့် ပထမတံခွန်စိုက်ဆုဖလားကို ချီးမြှင့်လိုက်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပျောက်ဆုံးခြင်း

ကျွန်မ မွန်မြတ်သူ ၁၂/ရပသ(နိုင်) ၀၄၇၁၆၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် ၉၃၀၃၇၄ ပျောက်ဆုံးသွားပါသည်။ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၃၀၆၅၈၅၈

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၇၅၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

တစ်ဦးတည်းဖြစ်ကြောင်း

ဖျာပုံမြို့နယ်၊ ကျုံတာကျေးရွာနေ ဦးမြလှိုင်၏သား မောင်ကျော်ဇင်လတ်၏ အမည်မှန်မှာ မောင်ကျော်ဇင်လတ်(ခ) မောင်ကျော်ဇင် ၁၄/ဖပန(နိုင်) ၁၁၆၄၀၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ကျော်ဇင်လတ်(ခ)မောင်ကျော်ဇင်
၁၄/ဖပန(နိုင်)၁၁၆၄၀၇

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ စမ်းမကြီးကျေးရွာနေ ဦးကျော်မြင့် ၈/မကန(နိုင်)၂၆၇၉၄၈-ဒေါ်မြကျင် ၈/မကန(နိုင်)၀၇၂၅၃၀ တို့၏သား မောင်စိုးလှိုင် MGE-၁၈၃၅၈၅ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါ ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ပြုမူဆောင်ရွက်မှုကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးကျော်မြင့်၊ ဒေါ်မြကျင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သွယ်သွယ်လှိုင် (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၃၄၆၅၉)
ဖုန်း-၀၉-၄၀၁၅၆၀၀၂၀

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၆၅၂၊ မြေကွက်တည်နေရာ အမှတ် ၆၅၂၊ သုမာလာ ၁၅လမ်း၊ ၂ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးဂျော့ အင်န်/အိုကေအေ-၀၁၄၆၄၈ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးဂျော့(လူပျိုကြီး)၊ ဦးစောအောင်ကျော်ထွန်း (လူပျိုကြီး)တို့ ကွယ်လွန်၍ ဦးစောအက်ဒွပ်ရန်နီ ၁၂/သဃက(နိုင်)၀၁၉၉၆၆က တစ်ဦးတည်းသော ညီ/အစ်ကိုတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေ လှူမိတ်ဆွေ

ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ မကျီးပင်ပုကျေးရွာအုပ်စု၊ ဒေါင်းစားကျေးရွာနေ မသင်းသင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင်(ခ)ဦးစိန်ဝင်းလှိုင် ၈/ပခက(နိုင်)၁၁၇၁၇၁ဖြစ်ပါကြောင်း။

ဦးဝင်းလှိုင်(ခ)ဦးစိန်ဝင်းလှိုင်

တရားဝင်ဇနီးဖြစ်ကြောင်း အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်မေနီလွင် ၁၂/မရက(နိုင်)၀၅၇၅၄၇သာလျှင် ဦးမြင့်လွင် ၁၂/မရက(နိုင်)၀၇၀၆၇၃၏ တရားဝင်ဇနီးကြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေနီလွင် ၁၂/မရက(နိုင်)၀၅၇၅၄၇

တစ်ချက်တည်းကျင်းဝင်

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ ဦးထွန်းလွင်(P.T.T)သည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ (၁၆)ရက် ညနေ ၁၅း၂၀ နာရီတွင် ကစားဖော်များဖြစ်ကြသော ဦးကြီးဟင်၊ ဦးမောင်သိန်း၊ ဦးကျော်ခင်၊ ဦးစိန်ဟိုးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၅)ကို (၁၃၅) ကိုက်အကွာမှ Srixon No(4)ဘောလုံးအား XXIO Iron(7) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ လူနေရပ်ကွက်အမှတ် (၃ရပ်ကွက်)၊ မြေကွက်အမှတ် ၄၊ နွယ်သာကီလမ်းရှိ ပါမစ်မြေကွက်သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်ကြီး NDI-၀၀၀၀၂၁၊ ၁၂/ဒဂန(နိုင်) ၀၂၁၉၀၂ အမည်ဖြင့် တည်ရှိသောမြေချပါမစ်ဖြစ်ပါသည်။ အကျယ်အဝန်းအားဖြင့် အလျားပေ ၆၀×အနံ ပေ၈၀၊ ၅၂၀၀ စတုရန်းပေရှိပြီး ယခုအခါ အဆိုပါမြေကွက်အား အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဦးမြင့်ဦးမှ ပြန်လည်ရောင်းချမည်ဖြစ်၍ ကျွန်မ၏မိတ်ဆွေမှ အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဥမ္မာ(တရားလွှတ်တော်ရှေ့နေ)
ဖုန်း-၀၉-၅၀၂၉၅၆၆

ကြော်ငြာ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၄၄)ဘဏ်မြောက်

မိုးကုတ်-၂ (ကျပ်ပြင်) ဘဏ်ခွဲ ကို

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ် တွင်

၁၈.၂.၂၀၁၄ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

မိုးကုတ်-၂ (ကျပ်ပြင်)ဘဏ်ခွဲ

အမှတ်(မ/ ၂၆၅)၊ ကျပ်ပြင်ကျေးရွာအုပ်စု၊ ကျပ်ပြင်မြို့မရပ်ကွက်၊
မိုးကုတ်မြို့နယ်၊ ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း – (၀၈၆) ၂၅၄၆၁၊ ၂၅၄၆၄
ဖက်စ် – (၀၈၆) ၂၅၄၆၂၊ ၂၅၄၆၃

www.kbzbank.com

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **ရန်ကုန်အနောက်ပိုင်းခရိုင်တွင် နိုင်ငံတော်သမ္မတကြီး၏ စေတနာဖြင့် ၁၅၀၀ တန် SIM Card များကို ချထားပေးခဲ့သော်လည်း မဲနှိုက်နေရသဖြင့် ရရှိမှုမမျှမတဖြစ်နေခြင်းနှင့်ပတ်သက်၍** ကျေးဇူးတင်ပါသည်။ အခြားသောမြို့နယ်အချို့တွင် ဤကဲ့သို့မေးခွန်းများ မေးမြန်းခဲ့ကြပါသည်။ Supply & Demand မမျှသဖြင့် မဲစနစ်ကိုကျင့်သုံးရခြင်း ဖြစ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံး Coverage အရ ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ ယနေ့အထိ တန်ဖိုးနည်း ၁၅၀၀ တန် SIM Card များကို တစ်လလျှင် ၃၅၀၀၀၀ မှ ၃၆၀၀၀၀ အထိ ခွဲဝေပေးလျက်ရှိပါသည်။ ပြည်သူများသို့ ရောင်းချပေးရာတွင် တစ်နိုင်ငံလုံး လွှမ်းခြုံကြည့်ပါက ရန်ကုန်တိုင်းဒေသကြီးသည် အတော်လေးကောင်းမွန်သည်ကို စိစစ်တွေ့ရှိရပါသည်။ မန္တလေးတိုင်းဒေသကြီး အချို့ဒေသများတွင် အိမ်ထောင်စုလိုက် ခွဲဝေချထားပေးသည်ကို တွေ့ရှိရပါသည်။ ဒေသအလိုက် ပြည်သူများအဆင်ပြေချောမွေ့စေရေး လိုက်လျောညီထွေ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မိုဘိုင်းဖုန်း လေးသန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငါးသန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငါးသန်းရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။ ဆက်သွယ်ရေးဥပဒေထွက်ရှိပြီး၍ နည်းဥပဒေမကြာမီထွက်ရှိလာပါက ပြည်ပအော်ပရေတာများလည်း ဆက်သွယ်ရေးလုပ်ငန်းများလုပ်ကိုင်လာနိုင်မည်ဖြစ်သဖြင့် များမကြာမီကာလတွင် အဆင်ပြေချောမွေ့လာမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ရန်ကုန်အနောက်ပိုင်းခရိုင်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ မဲစနစ်ဖြင့်ရောင်းချပေးခြင်းသည် မမှန်ကန်နိုင်ပါ။ မှန်ကန်သော လမ်းကြောင်းဖြင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ဧပြီလမှ ယခုလအထိရရှိသော ခွဲတမ်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ခွဲဝေချထားပေးလျက်ရှိပါသည်။ ထိုသို့ချထားပေးလျက်ရှိရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ပင်စင်စားများကို ခွဲဝေချထားပေးရမည်ဖြစ်ပါသည်။ Supply & Demand မမျှ ဖြစ်နေဆဲဖြစ်ပါသည်။ သို့သော် မကြာမီ ဆက်သွယ်ရေးနည်းဥပဒေထွက်ရှိလာပါက SIM Card များ အလွယ်တကူ ဝယ်ယူနိုင်တော့မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **လသာမြို့နယ်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့်ပူးပေါင်းဆောင်ရွက်စေခြင်းနှင့် ပင်စင်စားဝန်ထမ်းဦးရေကို သက်ဆိုင်ရာ မြို့နယ်အလိုက် ကြိုတင်ညှိနှိုင်းပြုစုထားခြင်းနှင့် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း အကြံပြုမေးမြန်းခြင်းနှင့်ပတ်သက်၍** ရပ်ကွက်အတွင်းရှိ ပြည်သူများ၏ ကိစ္စအဝဝကို ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်သွားရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **မြောက်ဥက္ကလာပမြို့နယ်အတွင်း တန်ဖိုးနည်း SIM Card ချထားပေးမှုအပေါ် တင်ပြလိုပါသည်။ ယခင်က ရပ်ကွက်အတွင်း အိမ်ရှင်၊ အိမ်ငှား၊ အကုန်လျှောက်မဲပေါက်ယူစနစ်မှ ယခုအခါ အိမ်ထောင်စုစာရင်းရှိသူ ၁၂ နှစ်နှင့်အထက် မှတ်ပုံတင်ရှိသူ အားလုံးလျှောက်ထားနိုင်ပြီး မဲပေါက်ယူစနစ်ကျင့်သုံးခဲ့ပါသည်။ တစ်အိမ်တည်းနှစ်ကတ်၊ သုံးကတ်ပေါက်သူများရှိနေပြီး လုံးဝမဲမပေါက်သည့် အိမ်ထောင်စုများရှိနေပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ တစ်အိမ်ထောင် တစ်ကတ်မရမရှိပေးသည့် စနစ်အား ပြောင်းလဲပေးနိုင်ရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၃ ခုနှစ် ဧပြီလမှ ယခုလအထိ ရရှိလာသော တန်ဖိုးနည်း SIM Card ခွဲတမ်းများအား ဆက်လက် ခွဲဝေချထားပေးလျက်ရှိပါသည်။ ထိုသို့ခွဲဝေချထားပေးရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet သို့ တင်ပြ၍ ခွဲဝေချထားပေးခြင်းဖြစ်ပါသည်။ ပြည်သူများအတွက် အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ **ဒေါပုံမြို့နယ်မှ ယခုအချိန်အခါတွင် ၁၅၀၀ တန် တယ်လီဖုန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရပ်ကွက်/ကျေးရွာများ၌ မဲစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါသည်။ မည်သည့်အချိန်ကာလတွင် လွတ်လပ်စွာဝယ်ယူရရှိနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** တန်ဖိုးနည်း ၁၅၀၀တန်ဖုန်းအပြည့်အဝချထားပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်းများအား လစဉ် ၃၅၀၀၀၀ မှ ၃၆၀၀၀၀ ခန့် ရောင်းချပေးလျက် ရှိပါသည်။ Telenor နှင့် Oredoo တို့မှလည်း ယခုနှစ်ဇွန်/ဇူလိုင်လခန့်တွင် လုပ်ငန်းစတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ခန့်မှန်းသိရှိရပါသည်။ ထို့အပြင် ရတနာပုံတယ်လီပို့ကုမ္ပဏီမှလည်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဥပဒေ၊ နည်းဥပဒေနှင့်အညီ လိုင်စင်ပါစည်းမျဉ်းစည်းကမ်းများအတိုင်း လွတ်လွတ်လပ်လပ် ဆောင်ရွက်သွားနိုင်မည်ဖြစ်သဖြင့် ပြည်သူအများ စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၆။ **ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ လိုင်းဖုန်းများ ကြိုးများတပ်ဆင်ရာတွင် အဆင်မပြေမှုများရှိနေပြီး သစ်ပင်များပေါ်တွင် ကြိုးများချိတ်ထားသည်ကိုတွေ့ရှိရသဖြင့် လိုင်းကြိုးပြတ်တောက်မှုများ မရှိရန်အတွက် စနစ်တကျဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** မြောက်ဒဂုံအိတ်ချိန်းနယ်မြေတွင် လိုင်းအင်အား ၅၅၀၀ ရှိပြီး ဒဂုံ(မြောက်ပိုင်း)နှင့် ဒဂုံ (အရှေ့ပိုင်း)မြို့နယ်များပါဝင်ပါသည်။ လိုင်းဝန်ထမ်းအနေဖြင့် ၁၅ ဦးရှိပါသည်။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်သည် ကျယ်ဝန်းသဖြင့် အချို့နေရာများတွင် တိုင်စိုက်ထူမှုအားနည်းပါသည်။ အချို့နေရာများတွင် တိုင်စိုက်ထူထားခြင်းမရှိသော်လည်း လိုအပ်သော အကွာအဝေးရောက်အောင် သွယ်တန်းတပ်ဆင်ခြင်းမျိုးရှိပါသည်။ အခြားနယ်မြေများမှ လိုင်းဝန်ထမ်းများကိုပါစုစည်း၍ လိုင်းကြွံခိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးအား ထမနဲဆွမ်းကပ်လှူ ညံ့ရိုးမီးပူဇော်

ပြည် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီးတွင် ၁၃၇၅ ခုနှစ် တပို့တွဲလပြည့်နေ့ နံနက် အရုဏ်တက်၌ ကောက်သစ်ထမနဲဆွမ်းနှင့်ညံ့ရိုးမီးပူဇော်ပွဲကို ရှေးရိုးရာမပျက်ဆင်ယင်ကျင်းပခဲ့သည်။

လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် အလှူရှင်များ လှူဒါန်းထားသော ထမနဲဒယ်ပေါင်း၁၀၀ခန့်ကို ဝေယျာဝစ္စအဖွဲ့များ၊ အလှူရှင်များက စုပေါင်း၍ ထမနဲထိုးကာ တပို့တွဲလပြည့်နေ့ အရုဏ်တက်တွင် စေတီတော်မြတ်ကြီးရှိ အာရုဏ်ခံတန်ဆောင်းများတွင်ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ ဂေါပကအဖွဲ့နှင့် ဝေယျာဝစ္စအဖွဲ့များ ဦးဆောင်မှုဖြင့် ဘုရားဖူးများကို ထမနဲထုပ်များ ဧည့်ခံကျွေးမွေး ကုသိုလ်ယူကြသည်။ ထို့နောက် ရိုးရာအစဉ်အလာ ညံ့ရိုးမီးပူဇော်ပွဲကို စေတီတော်ကြီး၏ တောင်ဘက်မုခ်ဦးတွင် ညံ့ရိုးနှင့်အမွှေးမှန့်သာတုံးများကို မီးရှို့၍ မြတ်ဗုဒ္ဓအား ပူဇော်ကြသည်။ **(အောက်ပုံ)**

ထမနဲဆွမ်းကပ်လှူပူဇော်ပွဲနှင့်ညံ့ရိုးမီးကပ်လှူပူဇော်ပွဲမှာ သရေခေတ္တရာခေတ် ပျူရိုးရာပွဲတော်တစ်ခုဖြစ်ပြီး သရေခေတ္တရာပြည့်ရှင် ဒွတ္တပေါင်မင်းမြတ်မှ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးကို ဒုတိယမြောက်ဘုရားဒါယကာအဖြစ်ခံယူ၍ ဉာဏ်တော်မြင့်၊ လုံးတော်ဖွင့်ကာ အသစ်တစ်ဖန် တည်ထားကိုးကွယ်ခဲ့သော သာသနာနှစ်(၁၂၇)ခု တပို့တွဲလပြည့်နေ့ အရုဏ်တက်ချိန်မှ စတင်ကျင်းပလာသော ရှေးဘိုးဘွားတို့၏ ဓလေ့ရိုးရာ အစဉ်အလာပွဲတော်တစ်ခုဖြစ်သည်။

ဥက္ကာမြင့်(ပြည်)

၁၈ မိုင်တောရကျောင်း၌ ကျိုက်ထီးရိုး ဆုတောင်းပြည့်စေတီရုပ်ပွားတော်ထီးတင်ပွဲကျင်းပ

မိုင်းယောင်း ဖေဖော်ဝါရီ ၁၇

မိုင်းယောင်းမြို့နယ် ၁၈ မိုင်တောရကျောင်း၌ ကျိုက်ထီးရိုးဆုတောင်းပြည့်စေတီ ရုပ်ပွားတော် ထီးတင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့သည်။ ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျိုက်ထီးရိုးဆုတောင်းပြည့် စေတီရုပ်ပွားတော် ထီးတင်ပွဲ၌ ပါဝင်လှူဒါန်းကြသော ကုသိုလ်ရှင်များနှင့် လုပ်အားဒါနပေးကြသော ကုသိုလ်ရှင်တို့က သံဃာတော်တို့ကို လှူဖွယ်ဝတ္ထုများနှင့် ဆွမ်းခဲဖွယ်များ ဆက်ကပ်လှူဒါန်းကြပြီး တရားတော် နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က)	2 KW Radio FM Transmitter	1 Set
(ခ)	1 KW Radio FM Transmitter	2 Sets
(ဂ)	500 W Radio FM Transmitter	2 Sets
(ဃ)	ပြင်ပလျှပ်စစ်စီးသွယ်တန်းခြင်း(ရေကူးစတူဒီယို)	1 Lot
(င)	Convergence News Room System	1 Lot
(စ)	Digital Mobile News Gathering System	4 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၂-၂၀၁၄ ရက်မှ ၁၆-၂-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃ အိတ်ဖွင့်တင်ဒါများကို ၁၇-၂-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

ပျောက်ဆုံးကြောင်း

ကျွန်တော် သီဟန်မြင့် ၁၂/သဃက(နိုင်)၁၃၉၄၇၅ CDC-42305 ၏ EDH လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၁၇၁၂၄၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးကွန်ပျူတာတက္ကသိုလ်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန လက်အောက်ရှိ မန္တလေး ကွန်ပျူတာတက္ကသိုလ်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Logic Trainer	1-No
၂။	Digital Circuit Experiment Apparatus	6-Nos
၃။	Circuit Analysis Experiment Apparatus	6-Nos
၄။	PIC innovative experiment development kit	6-Nos
၅။	EDA/SOPC innovative experiment development kit	6-Nos
၆။	Solo Campus Network Two computer rooms (50 computers and 70 computers), experiments and installation. Campus Wifi (equipments and installation)	1-Lot
၇။	အရာရှိစားပွဲ (၅ပေ×၃ပေ)	၁၅ လုံး
၈။	အရာရှိစားပွဲ (၄ပေ ၆လက်မ×၂ပေ ၆လက်မ)	၅၀ လုံး
၉။	စားပွဲ (၄ပေ×၂ပေ)	၂၀ လုံး
၁၀။	လက်တွေ့ခန်းသုံးစားပွဲ	၁၂ လုံး
၁၁။	စာကြည့်တိုက်စားပွဲ	၂၀ လုံး
၁၂။	ကွန်ပျူတာစားပွဲ	၅၀ လုံး
၁၃။	စတီတ်ခုံ	၃၀ လုံး
၁၄။	ဆုံလည်ကုလားထိုင်	၁၅ လုံး
၁၅။	လေးယောက်ထိုင်စာသင်ခုံရှည်	၈၀ လုံး
၁၆။	ဆိုဖာခေါက်ခုံ	၃၂၀ လုံး
၁၇။	လက်တန်းပါဆိုဖာကုလားထိုင်	၅၀ လုံး
၁၈။	စာကြည့်တိုက်ကုလားထိုင်	၂၀ လုံး
၁၉။	ပလတ်စတစ်ထိုင်ခုံ (လက်တန်းမပါ)	၁၀၀ လုံး
၂၀။	ဆက်တီ(ဆိုဖာ)	၂ စုံ
၂၁။	၃ ပေ ခုတင်	၈၀ လုံး
၂၂။	White Board	၃၀ ချပ်
၂၃။	ကြေညာသင်ပုန်း	၂၀ ချပ်
၂၄။	မှန်ဗီရို	၁၂ လုံး
၂၅။	သံမဏိဗီရို	၁၂ လုံး
၂၆။	Locker ဗီရို	၁၇ လုံး
၂၇။	ဖိနပ်စင်	၄၀ စင်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၄-၂-၂၀၁၄ရက် ၁၅း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၆၅၀၂၁၁၅ သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မန္တလေးကွန်ပျူတာတက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄A- ၉၁၊ မြေကွက်အမှတ် ၂၉၊ မြေကွက်တည်နေရာအမှတ် ၆၂၊ သမ္မာဒိဋ္ဌိလမ်း၊မလွကုန်းဈေးကွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ် ဒေါ်ခင်မိမိ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မိမိ ၁၂/တမန(နိုင်)၀၀၈၈၆၉ ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာတို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

(၁၄)ကြိမ်မြောက် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်အစည်းအဝေးသတင်းထုတ်ပြန်ချက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ မြန်မာနိုင်ငံ ရန်ကုန်မြို့ Park Royal Hotel တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံ အစိုးရချင်းဆိုင်ရာ ကော်မရှင်အစည်းအဝေး (AICHR) အား မြန်မာကိုယ်စားလှယ်ဖြစ်သူ ဦးကျော်တင့်ဆွေက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ အစည်းအဝေးတွင် ၂၀၁၃ ခုနှစ်၏ အောင်မြင်မှုများနှင့် တိုးတက်မှုများအပေါ် အခြေခံထား၍ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းအလွန် အမြင်၏ ဖွံ့ဖြိုးတိုးတက်မှုအား ထပ်လောင်းအကျိုး ဖြစ်ထွန်းစေရန်သော်လည်းကောင်း၊ ယင်းအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားအား ပြန်လည်သုံးသပ်ရန်ဖြစ်ရာ AICHR အတွက် အရေးကြီးသည့်နှစ်တစ်နှစ်ဖြစ်ပါသည်။ ထို့အပြင် AICHR အဖွဲ့အစည်း၏ လုပ်ငန်းများ၊ အလုပ်တာဝန်များအား အကဲဖြတ်နိုင်စေမည့် ညှိနှိုင်းမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် စီမံထားပြီးဖြစ်ပြီး AICHR ၏ အကြံပြုချက်များအား ချမှတ်ရာတွင် သက်ဆိုင်သူများထံမှ ရရှိသည့် ရလာဒ်များအား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများမှ ထည့်သွင်းစဉ်းစားနိုင်ရန် တင်ပြရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

အာဆီယံဒေသတွင်း လူ့အခွင့်အရေးများနှင့် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးဆိုင်ရာ တာဝန်ရှိမှုအပေါ် ပထမဆုံးအကြိမ် ဘာသာရပ်ဆိုင်ရာ လေ့လာမှုရလဒ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စတင်ရန် ၂၀၁၄ ခုနှစ် ဇွန်လတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းပိုင်ခွင့်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ လေ့လာမှုကိုလည်း အစည်းအဝေးမှ အတည်ပြုခဲ့ပါသည်။

ဦးစားပေးအစီအစဉ်များနှင့် လုပ်ငန်းများအား အကောင်အထည်ဖော်ရန်အတွက် တာဝန်ရပ်များဆိုင်ရာ အစီရင်ခံစာများ တင်ပြခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲအား AICHR အနေဖြင့် ပြုလုပ်ရန် သဘောတူညီခဲ့ပါသည်။ ယင်းဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသည် ကုလသမဂ္ဂလူ့အခွင့်အရေး ယန္တရားအောက်ရှိ နိုင်ငံများမှ တင်သွင်းရသည့် အစီရင်ခံစာများ မူကြမ်းရေးဆွဲခြင်းနှင့် တင်ပြခြင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောင်းဆုံးသော အတွေ့အကြုံများနှင့် ကျင့်ထုံးများဖလှယ်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မိခင်ကျန်းမာရေးနှင့် မိခင်သေဆုံးနှုန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ၂၀၁၄ ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်မည်ကြောင်း သဘောတူညီခဲ့ပါသည်။

အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း နောက်ဆက်တွဲဆောင်ရွက်မှုအနေဖြင့် AICHR သည် အာဆီယံတွင်း အာဆီယံ အမျိုးသမီးများနှင့် ကလေးသူငယ်များ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာကော်မရှင် အပါအဝင် အခြားအာဆီယံအဖွဲ့အစည်းများအား ဖိတ်ခေါ်၍ ၂၀၁၄ ခုနှစ် ဧပြီလတွင် ကာကွယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း(မူကြမ်း) ရေးဆွဲရေး သုံးသပ်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများ စတင်လျက်ရှိဖြစ်ပြီး ယင်းအနေဖြင့် AICHR နှင့် အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်(မူကြမ်း)နှင့် စပ်လျဉ်း၍ စတင်ဆွေးနွေးနိုင်ခဲ့ပါသည်။

အခြားအာဆီယံအဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ AICHR အနေဖြင့် အခြားအာဆီယံအဖွဲ့အစည်းများ ဖြစ်သည့် အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်များအခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ အာဆီယံကော်မရှင် အပါအဝင် အခြားအဖွဲ့အစည်းများအား ဖိတ်ခေါ်၍ ၂၀၁၄ ခုနှစ် ဧပြီလတွင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ပါသည်။ လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကြေညာစာတမ်း အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရန်အတွက် လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် မတ်လ ၈ ရက်မှ ၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင် အထူးအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အစည်းအဝေးတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဧည့်ဝတ်ကျေပွန်မှုများကို အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။

(နိုင်ငံခြားရေးဝန်ကြီးဌာန)

ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် အုတ်ကျင်းရပ်တွင် တမလန်းသစ်များ စုပုံထားရှိကြောင်း သတင်းအရ ကျောက်မဲမြို့သစ်တောဦးစီးအရာရှိ ဦးမင်းဇော်ဦး ဦးစီးလျက် သစ်တောဝန်ထမ်းများ သက်ဆိုင်ရာအဖွဲ့တို့က သွားရောက်ရှာဖွေခဲ့ရာ တမလန်းသစ် လုံးပတ် ၁ ပေမှ ၁ ပေ ၁၁ လက်မရှိ ၂၁၅ လုံး (၂ ဒသမ ၁၂၀ တန်)နှင့် တမလန်း ဓားရွေ့ရှစ်တုံး (၀ ဒသမ ၅၆၂ တန်) စုစုပေါင်း တမလန်း ၂၂၃ တုံး စုစုပေါင်း ၂ ဒသမ ၅၈၂ တန်ကိုသိမ်းဆည်း ရမိခဲ့ပြီး ပိုင်ရှင်ကို စုံစမ်းဖမ်းဆီး အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။
(ဝ၉ဝ)

စုပေါင်းသွေးလှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၁၇

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ ရတနာပုံ မဟာလယ်ပြင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမန၊ ဘဒ္ဒန္တဝိလာသာစာရနှင့်ဘဒ္ဒန္တတေဇောဘာသအရှင်သူမြတ်တို့ဦးစီးသော ဇီဝပါလ သွေးလှူရှင်အသင်း၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို အဆိုပါကျောင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ သွေးလှူရှင်သံဃာတော်ရှစ်ပါးနှင့် လူ ၆၄ ဦးတို့က မန္တလေး ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ် ရောဂါရှာဖွေရေးဆရာဝန်ကြီး ဒေါက်တာဌေးလှနှင့်လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများက သွေးဖောက်စစ်ဆေးပေးခဲ့ကြပြီး သွေး ၇၂ ပုလင်း လှူဒါန်းပေးခဲ့ကြသော သွေးလှူရှင်များကို ဆရာတော်ဘဒ္ဒန္တသုမနက သွေးလှူရကျိုး မေတ္တာတရားများ ပွားများပေးခဲ့ကြောင်းနှင့် သွေးလှူဘဏ်မှ သွေးလှူရှင်များကို သွေးလှူရှင်တံဆိပ်ဂုဏ်ပြုလွှာ၊ အမှတ်တရလက်ဆောင်နှင့်အာဟာရများ ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

ကျေးလက်နေပြည်သူများအား ထင်းများ အခမဲ့ဝေငှ

ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သဘာဝတောထိန်းဧရိယာ ဧက ၂၀၀၀ အတွင်း ဓမ္မတာမျိုးဆက်ခြင်း၊ ဧက ၂၀၀ မှထွက်ရှိသော ထင်း ၅ ဒသမ၇၀၂၄တန်ကို နီးစပ်ရာကျေးရွာဖြစ်သော ကျွဲတံခါးကျေးရွာအတွင်းရှိ အိမ်ထောင်စုများထံ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ထင်းများအခမဲ့ ခွဲဝေပေးခဲ့သည်။

ယခုကဲ့သို့ ထင်းများအခမဲ့ဖြန့်ဝေပေးခြင်းဖြင့် ဒေသခံကျေးရွာလူထု၏ နေ့စဉ်ထင်းလောင်စာလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံများ ပူးပေါင်းပါဝင်လာစေရေး စည်းရုံးဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်းဦး(iprd)

ခရိုင်/မြို့နယ်များဆက်သွယ်သည့်လမ်း အဆင့်မြှင့်ခင်းခြင်းနှင့်ပတ်သက်၍ ဓနုဖြူ၌ရှင်းလင်း

ဓနုဖြူ ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအတွက် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ODA Pilot အောင်နိုင်ရေးအတွက် JICAကျွမ်းကျင်ပညာရှင်အဖွဲ့နှင့် ပူးပေါင်း၍ ရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဓနုဖြူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးလှမြင့်က အမှာစကားပြောကြားပြီး JICA သဘာဝပတ်ဝန်းကျင်နှင့် ထိန်းသိမ်းရေး အင်ဂျင်နီယာဦးဘိုဘိုဟန်ကကြိမ်ပင်ဆည်-စကြော့-ဓနုဖြူ-ဇလွန်လမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ရှင်းလင်းဆွေးနွေးခဲ့ပြီး ဓနုဖြူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးလှမြင့်က လမ်းအဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ မေးမြန်းချက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအထူးအဖွဲ့(၄) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်ဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(Open Tender)
(CME)(MIT) Oxygen Gas (200 Cu.ft/Cylinder)(14400) Cylinder 3.3.2014
294352 , 291994

လားရှိုးခရိုင် မြို့ပြစနစ်စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ မြေဧရိယာ ၁၁၃ဒသမ ၇၁ဧက တိုးချဲ့မြေကွက်များ၌ အဆင့်မြင့်နှင့် လူမှုဖူလုံရေးအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ၊ ခေတ်မီမြို့ပြအိမ်ရာစီမံကိန်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၃၁-၃-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။
၃။ တင်ဒါစည်းကမ်းချက်များ၊ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ခရိုင်မြို့ပြစနစ်စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့ (လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)တွင် ဝယ်ယူနိုင်ပြီး စည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းကြရမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၂-၂၃၀၆၀၊ ၀၈၂-၂၃၀၅၀၊ ၀၈၂-၂၃၀၂၅၊ ၀၈၂-၂၃၀၅၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

ခရိုင်မြို့ပြစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့
လားရှိုးမြို့

မွေးနေ့ဆုတောင်း

ဒေါ်စန်းစန်းရီ၏ ၁၈-၂-၂၀၁၄ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့နှင့် ချစ်တူမလေး မမြင့်မြတ်ခိုင်၏ (၄)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ချစ်သောမိသားစုနှင့်အတူ နေ့ရက်တိုင်းမှာ ပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်…

ချစ်သောမောင်နှမများ
ဖေဖေ-ဦးမျိုးမြင့်
မေမေ-ဒေါ်သက်သက်အောင်
ဘဘ-ဦးသိန်းထိုက်

Lady Light
Teacher Lin Lin
(18-2-2014)
(Moon Light Beauty Saloon)
(Lady Sexy Beauty Saloon)
(Dream Light Beauty Saloon)

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆/သမိုင်း၊ မြေကွက်အမှတ် ၄၇/ဗ၂၁၊ မြေကွက်တည်နေရာအမှတ် ၃၂၊ အောင်မင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးဘကြော်အမည်ပေါက် မြေပိုင်မြေ ၃(ခ)ရပြီးမြေအား အမည်ပေါက်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၃၇၅၀/၂၀၁၁(၇-၇-၂၀၁၁)ဖြင့် ဦးကြည်စိုး၊ ဦးကြည်သိန်းတို့မှ ပိုင်ဆိုင်လာပါသည်။ ၄င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၃၇၅၃/၂၀၁၁(၅-၉-၂၀၁၁)နှင့် အမှားပြင်စာချုပ် ၅၁၄၅/၂၀၁၃(၃၀-၁၂-၂၀၁၃)တို့ဖြင့်ပိုင်ဆိုင်လာသူ ဒေါ်ဆုမွန်အေး ၁၂/ဒဂန(နိုင်)၀၂၆၆၁၈မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ၃၇၅၀/၂၀၁၁(၇-၇-၂၀၁၁)မိတ္တူမှန်တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သည့် အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖြည့်စွက်ဖတ်ရှုပါရန်

၄-၂-၂၀၁၄ရက်စွဲပါ စာမျက်နှာ ၂၁ မြန်မာ့အလင်းသတင်းစာတွင် အလုံမြို့နယ်၊ ဆင်မင်းလမ်းရှိတိုက်ခန်းနှင့်ပတ်သက်၍ **ထံမှ** ဓါးစကားလုံးနောက်တွင် အဆင့်ဆင့်လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်နန်းစီ ၁၄/မမန(နိုင်)၀၁၅၂၂၆ ပိုင်ဆိုင်သည့်တိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် လက်ရောက်ဝယ်ယူပိုင်ဆိုင်နိုင်ရန်ဟု ဖော်ပြရမည့်အစား ထိုစဉ်က ဖော်ပြရန်ကျန်ရစ်ခဲ့ပါ၍ အဆင့်ဆင့်လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်နန်းစီ ၁၄/မမန(နိုင်)၀၁၅၂၂၆ ပိုင်ဆိုင်သည့်တိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေ ဖြစ်သူသည် လက်ရောက်ဝယ်ယူပိုင်ဆိုင်နိုင်ရန်ဟုဆိုသော စာသားအား ဖြည့်စွက်ဖတ်ရှုကြပါရန်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး အမြန်ဆောင်ရွက်မည်

သတင်း-ကြီးတိုင်းအောင်
ဓာတ်ပုံ-သက္က

မြန်မာနိုင်ငံတစ်ဝန်း အလုပ်သမားများနှင့် မိသားစုများ လူမှုဘဝ ဖူလုံပြည့်ဝစေရေး၊ အလုပ်သမားများ၏ အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး အနည်းဆုံး အခကြေးငွေ သတ်မှတ်ရန် အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ သိရသည်။

နိုင်ငံတော်က အလုပ်သမားများ၏ မိသားစုဘဝများ ဖူလုံစေရေး၊ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ အလုပ်ခွင် စွမ်းရည်မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ပေးရန် ရည်ရွယ်လျက် ဥပဒေတစ်ရပ် အတည်ပြု ထုတ်ပြန်ထားပြီးဖြစ်သည်။ ယင်းဥပဒေနှင့်အညီ နိုင်ငံတော် သမ္မတရုံးက ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသား ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းပေးလိုက်ပြီဖြစ်သည်။ ဆက်လက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌လည်း ကော်မတီများဖွဲ့စည်းသွားမှာ ဖြစ်ကြောင်း သိရသည်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန အနေဖြင့် အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO ရန်ကုန်)၊ Myanmar Development Researchတို့မှ သုတေသန ပညာရှင်များ ပါဝင်ပြီး အထည်ချုပ်လုပ်ငန်းရှင်များ၊ အလုပ်သမား ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ အထည်ချုပ်မဟုတ်သော အလုပ်ရှင် အလုပ်သမားကိုယ်စားလှယ်များနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်သည်။

တပ်ကုန်းမြို့အဝင် လမ်းပြုပြင်နေသူများကို တွေ့ရစဉ်။

အဆိုပါ အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့်ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေး ပထမအကြိမ် ကော်မတီ အစည်းအဝေးကို လွန်ခဲ့သည့် ဇန်နဝါရီလအတွင်း ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတို့မှ တာဝန်ရှိသူများ၊ (ILO ရန်ကုန်)မှ ကိုယ်စားလှယ်များ၊ Myanmar Marketing Research and Development မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့သည်။ ထို့အပြင်ဇန်နဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အလုပ်ရှင် အလုပ်သမား ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံ၍ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုအခါ (ILO ရန်ကုန်) မှ တာဝန်ရှိသူများ၊ MPRI တို့မှ တာဝန်ရှိသူများ ပူးပေါင်းလျက် ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သုတေသနရလဒ်များကို အခြေခံပြီး အလုပ်သမားများ၏ လုပ်ခနှင့်နှိုင်းယှဉ်ကာ အနည်းဆုံး အခကြေးငွေ သတ်မှတ်သွားမည်ဖြစ်သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များသည်လည်း အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေး တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ ဖေဖော်ဝါရီလမှ မတ်လအထိ ကွင်းဆင်းကာ ဆွေးနွေးပွဲများ ပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အလုပ်သမားများ အနည်းဆုံး အခကြေးငွေကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ အမြန်ဆုံး သတ်မှတ်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အလုပ်သမားတစ်ဦး အနေဖြင့် အနည်းဆုံး တစ်နေ့ လုပ်ခငွေကျပ် ၇၀၀၀ ရသင့်ကြောင်း မကြာသေးမီက သုတေသနပြုချက်များအရ သိရသည်။ အနည်းဆုံး အခကြေးငွေ သတ်မှတ်လိုက်ပြီးပါက အလုပ်သမားများအတွက် နစ်နာမှု မရှိစေဘဲ လုပ်ခများ မှန်မှန်ကန်ကန်ရရှိလာမည်ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အဆင့်မြင့်သင်္ဘောတည်ဆောက်မှုများ ပုဂ္ဂလိကလုပ်ငန်း စိတ်ဝင်စား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံတွင် အဆင့်မြင့်သင်္ဘောများတည်ဆောက်မှုကဏ္ဍကို ရေကြောင်းလုပ်ငန်းများမှ ပုဂ္ဂလိက လုပ်ငန်းရှင်တချို့က ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ပုဂ္ဂလိက ကဏ္ဍပိုင်းမှာ ရေယာဉ်နဲ့ပတ်သက်ရင် ပြင်ဆင်တာ အသေးစားဆောက်လုပ်မှုတွေပဲရှိကြတယ်။ ရေကြောင်းပိုင်းသွားလာမှုက ကုန်သွယ်ရေးပိုင်းမှာ စရိတ်စက အသက်သာဆုံးနဲ့ ပမာဏအများဆုံးသယ်ဆောင်နိုင်တဲ့အပိုင်းဖြစ်တယ်။ ဒါ့ကြောင့် တွဲယာဉ် ၊ ဆီသယ်ယာဉ်၊ ပို့ဆောင်ရေးယာဉ်၊ ပြည်တွင်းကမ်းရိုးတန်းအမြန်သွားယာဉ်တွေ ပိုမိုတည်ဆောက်ဖို့လိုအပ်လာတယ်။ ကျွန်တော်တို့အနေနဲ့ အရည်အသွေးမြင့် ရေယာဉ်ဒီဇိုင်းဆွဲတာ၊ တည်ဆောက်တာ အကြံဉာဏ်ပေးတဲ့အပိုင်း ဆောင်ရွက်ဖို့ ကြိုးစားနေတယ်"ဟု မြန်မာ့ရတနာနဒီ ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးကြည်စန်းက ပြောကြားခဲ့သည်။

၎င်းတို့ကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံမှ သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ China Yangzhoujiangdu Xinhua Shipyard ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း ပြောကြားခဲ့ကြောင်းသိရသည်။ **မြတ်စန္ဒီသင်းဇော်**

မွန်ပြည်နယ် ၁၀မြို့နယ်တွင် လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးမှုများ ဖမ်းဆီး

မော်လမြိုင် ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုဖြင့် နှစ်အလိုက် မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများတွင် လောင်းကစားမှုများ ပပျောက်စေရေးနှင့် မူးယစ်ဆေးဝါးရောင်းချသူများနှင့်သုံးစွဲသူများကို ထိရောက်စွာ ဖမ်းဆီးအရေးယူရေးစီမံချက်ကို မော်လမြိုင်နှင့်သထုံခရိုင်တို့ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နယ်မြေခန်းမှူးများ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့်နယ်မြေခံ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့ရှိ ပြည်သူများ ပူးပေါင်းကူညီမှုကြောင့် မြို့နယ်များတွင် ဖမ်းဆီးအရေးယူမှုကို စီမံချက်အတိုင်း ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာအထိ ၁၂ လ တွင် လောင်းကစားမှု ၁၂၂ မှု၊ လောင်းကစားမှုတွင် ပါဝင်သော အမျိုးသား အမျိုးသမီး ၂၇၉ ဦး၊ လောင်းကြေးငွေကျပ် ၇၃၆၅၂၄၀ ကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် လောင်းကစားမှု ၁၂၉ မှု၊ ကစားသူ အမျိုးသား အမျိုးသမီး ၂၆၃ ဦး၊ လောင်းကြေးငွေကျပ် ၉၅၆၀၅၀၅ ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီ ဒုတိယပတ်အထိ လောင်းကစားမှု ၁၀ မှု၊ ကစားသူ အမျိုးသား အမျိုးသမီး ၁၇ ဦး၊ လောင်းကြေးငွေကျပ် ၁၀၅၈၄၅၀ ကိုလည်းကောင်း ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

ဆက်လက်၍ မူးယစ်ဆေးဝါးရောင်းချသူများနှင့်သုံးစွဲသူများကို ဖမ်းဆီးရာ ၂၀၁၃ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလအထိ အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၆၈ ဦးထံမှ ဆေးခြောက်အလေးချိန် ၄ ဒသမ ၅၁၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၂၄၃၊ ဘိန်းစာရွက် ၁၆ ဒသမ ၃၄ ဂရမ်၊ စိတ်ပြောင်းဆေး ၂၇၉ ပြားကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ဆေးခြောက် ၁၅ ဒသမ ၃၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၆၈ ပြား၊ ဘိန်းစာရွက် ၂၂ ဒသမ ၁ ကီလို၊ ၂၀၁၄ ခုနှစ် ဆေးမှု ခြောက်မှု၊ အမျိုးသား အမျိုးသမီး ရှစ်ဦးထံမှ စိတ်ကြွဆေး ၁၀၈ ပြားတို့ကို ဖမ်းဆီးမိခဲ့သည်။

ကျော်သန်း(မော်လမြိုင်)

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
အင်္ဂလိပ်ဘာသာစကားအမျိုးသားဗဟိုဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့၊ ပြည်လမ်းရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန(ယခင်မာလာဆောင်)ဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်းအား ငှားရမ်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူရန်ရှိပါသည်။ အသေးစိတ်အချက်အလက်များကို သိလိုပါက အတွင်းရေးမှူး၊ ဆိုင်ခန်းကြီးကြပ်ရေးကော်မတီထံတွင် စုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၂၈-၂-၂၀၁၄ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနတွင် တင်သွင်းရပါမည်။

ဖုန်း-၅၁၂၅၈၉

အတွင်းရေးမှူး
ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
(၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး

ဖိတ်ကြားလွှာ

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ။)

ကျင်းပမည့်ရက် - ၂၃-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ၈ နာရီ၊ အကျွေးအမွေးဖြင့်ဧည့်ခံခြင်း၊
၉ နာရီ၊ အစည်းအဝေးစတင်ကျင်းပခြင်း၊
ကျင်းပမည့်နေရာ - အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ လမ်း(၅၀)၊ ဗိုလ်တထောင်မြို့နယ်။

အလုပ်အမှုဆောင်အဖွဲ့

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၉ခ/၂၅၀၃၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ကျောက်မဲ)၊ ကျောက်မဲမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်တွင် ဆောက်လုပ်မည့် စုစုပေါင်းကြမ်းခင်းဧရိယာ ၁၂၀၀၀ စတုရန်းပေရှိ လေးထပ်ရုံးအဆောက်အအုံသစ်ဆောက်လုပ်ခြင်းလုပ်ငန်းအားမြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၇-၂-၂၀၁၄ရက် ၀၉:၃၀ နာရီ
တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန် - ၂၄-၂-၂၀၁၄ရက် ၁၆:၃၀ နာရီ
Technical Proposal နှင့်Price Proposal
နောက်ဆုံးထား၍တင်သွင်းရမည့်ရက်၊အချိန် - ၃၁-၃-၂၀၁၄ရက် ၁၆:၃၀ နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံများကိုရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၃၀၀၀၀ နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါပါလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်အား ၂၇-၂-၂၀၁၄ ရက် ၁၃:၀၀နာရီတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် ၂၇ ၌ ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ တင်ဒါဝယ်ယူထားသော ကုမ္ပဏီများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

မွမ်ဘိုင်းမြို့ ဓမ္မလယျ သုံးထပ်ကျောင်းကြီးရေစက်ချပွဲ

ဖိတ်ကြားလွှာ

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော ရွှေတိဂုံစေတီပုံစံတူ၊ ကမ္ဘာ့ဝိပဿနာစေတီတော်ကြီး၏ ရင်ပြင်အနီးတွင်ရှိသော ဘုရားဖူးများသွားရောက်တည်းခိုနိုင်ရန် ယောဂီ ၁၀၀ ကျော် တည်းခိုနိုင်သည့် အဆင့်မြင့်သုံးထပ်(ဓမ္မလယျ) ကျောင်းတော်ကြီး ပြီးစီးပြီဖြစ်ပါ၍ ၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်၊ (တနင်္ဂနွေနေ့) ၂၇-၄-၂၀၁၄ ရက်တွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာအရှင်ဉာဏိဿရ သီတဂူဆရာတော်ကြီးမှ အလှူရှင်များ၏ လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့ဝိပဿနာစေတီကြီးသို့ ဘုရားဖူးလိုက်ပါလိုသူများသည် ၂၅-၄-၂၀၁၄ ရက် သောကြာနေ့တွင် ရန်ကုန်မြို့မှ မွမ်ဘိုင်းမြို့သို့ အဲယားအိန္ဒိယလေယာဉ်ဖြင့် သွားရောက်ကြမည်ဖြစ်ပြီး ၂၈-၄-၂၀၁၄ရက် တနင်္လာနေ့တွင် မွမ်ဘိုင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(လိုက်ပါလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံး ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။)

ဆက်သွယ်ရန်လိပ်စာ - အမှတ် ၇၇၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၃၆၀၁၊ ၂၄၅၂၀၁၊ ၂၄၅၃၂၇၊ ၅၄၆၆၆၀၊ ၅၄၉၂၉၀

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၁၀၂၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၂၃/ခ၊ မာန်ပြေ ၄လမ်း ရှေ့၊ ၂/တောင်၊ သာကေတမြို့နယ် ဒေါ်သိန်းရှင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းရှင်(မိခင်)နှင့် ဦးစံသိန်း(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်အေးကျင် ၁၂/မဂတ(နိုင်)၀၅၁၁၃၁၊ (၂) ဦးတင်စိုး ၁၂/သကတ(နိုင်)၀၇၇၈၅၄၊ (၃) ဦးရွှေကြီး ၁၂/ဗတထ(နိုင်)၀၀၆၆၄၄၊ (၄) ဦးဌေးဝင်း ၁၂/သကတ(နိုင်)၀၇၇၁၉၆၊ (၅) ဒေါ်မြမြအေး ၉/ပကသ(နိုင်)၀၂၅၄၂၁တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၄၄/၂၀၁၄ ရရှိသူ ဒေါ်နွယ်နွယ်ဝင်း ၁၂/သကတ(နိုင်)၀၈၃၂၀၂မှ သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်၍ မြေပုံကူးလျှောက်ထားလာရာ ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ခိုကိုးရာမဲ့ကလေးများအတွက် ညအိပ်ဆောင်ကို စေတနာရှင်များက ဆောက်လုပ်လှူဒါန်း

ပုသိမ် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် (၆၇)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် The Bridge of Life ရတနာ့မေတ္တာနှင့် ပန်းဆက်သူ ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောက်ရွက်သည့် ခိုကိုးရာမဲ့ကလေးများအတွက် ညအိပ်ဆောင်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အဆောင်ရှေ့တွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးမှ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ အလှူရှင် Mr. Edward Wayno နှင့် Ms. Taljan Trickovic၊ ရတနာ့မေတ္တာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

အလှူရှင်ကိုယ်တိုင်မှာလည်း မိဘမဲ့ဂေဟာမှာ ကြီးပြင်းလာခဲ့ရသူဖြစ်၍ ခိုကိုးရာမဲ့ ကလေးများဘဝ လှပစေရေး တတ်စွမ်းသမျှ ကူညီပေးနေ . . .

တိုင်းဒေသကြီးအစိုးရအဖွဲ့ သီရိပျံချီဦးသိန်းအောင်နှင့် အလှူရှင်များ ကတွေ့ဆုံညှိနှိုင်း၍ တိုင်း/ခရိုင်အဆင့်ဆင့်ဌာနဆိုင်ရာများ၊ အိပ်မက်ဆုံရာ၊ Season-4၊ မယ်လိုဒီဝေါလ်တို့မှ တေးသံရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိ မြို့ဖများက စုပေါင်းအလှူငွေကျပ်သိန်း ၁၇၀ ကျော်ကို ရတနာ့မေတ္တာဖောင်ဒေးရှင်းသို့ ပေးအပ်လှူဒါန်းခဲ့သည်။

အမေရိကန်နိုင်ငံသား အလှူရှင်က ၎င်း၏ဖခင်ဖြစ်သူမှာ ခိုကိုးရာမဲ့ဖြစ်ခဲ့ကြောင်း၊ သူတစ်ပါးနှိပ်စက်ခြင်းကို ခံစားခဲ့ရပြီး ၎င်းကိုယ်တိုင်မှာလည်း မိဘမဲ့ဂေဟာမှာ ကြီးပြင်းလာခဲ့ရသူဖြစ်ကြောင်း၊ သို့သော် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုခဲ့သဖြင့် စက်ရုံအလုပ်ရုံများ တည်ထောင်နိုင်ခဲ့ပြီး ရရှိသော အမြတ်အစွန်းများကို ခိုကိုးရာမဲ့နေသည့် ကလေးများ၏ ဘဝကို အတတ်နိုင်ဆုံးပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် ၁၉၉၈ ခုနှစ်မှစတင်၍ အမေရိကန်နိုင်ငံ၌ ဖောင်ဒေးရှင်းတည်ထောင်ကာ အကူအညီများစတင်ပေးအပ်ခဲ့ကြောင်း ပြောကြားသည်။

ရတနာ့မေတ္တာနှင့် ပန်းဆက်သူဖောင်ဒေးရှင်းတို့မှ အမှီအခိုကင်းသည့် ကလေးများကို ပြုစုစောင့်ရှောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာရိတ္တမြင့်မားရေး၊ စက်မှုလက်မှုလုပ်ငန်းများ တတ်ကျွမ်းစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပုသိမ်-လှကြည်

မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်းတစ်ထောင်ဖြင့် ဆောင်ရွက်

မလှိုင် ဖေဖော်ဝါရီ ၁၇

မလှိုင်မြို့နယ်အတွင်း ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ဖြင့် ပညာရေးလုပ်ငန်း ၃၄ ခု၊ လမ်းတံတား ၂၅ ခု၊ သောက်သုံးရေရရှိရေးအတွက် ရေတွင်းသုံးတွင်း၊ ကျန်းမာရေးဆေးခန်းနှစ်ခု၊ ကျေးလက်မီးလင်းရေးလုပ်ငန်းသုံးခုတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်မှ မလှိုင်မြို့နယ်အတွက် ခွဲဝေချထားပေးသော ရန်ပုံငွေကျပ်သိန်းတစ်ထောင်ဖြင့် မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သည်။

ကြည့်ရှုစစ်ဆေး

လုပ်ငန်းများပြီးစီးမှုအခြေအနေကို မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရွှေနန်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ တာဝန်ရှိသူများက မလှိုင်မြို့နယ်အတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပေးလျက်ရှိသည်။ လက်ရှိတွင် ထန်းတောကျေးရွာ အလက(ခွဲ)ကျောင်း

မလှိုင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီး ငါးရပ်အတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။

အလျားပေ ၄၀ နှင့် အနံ ပေ ၃၀ ရှိ ကျောင်းဆောင် နံရံဘေးကာနှင့် ကြမ်းခင်းဆောင်ရွက်နေမှု၊ ထန်းတော-မုံပင်လေးကျေးရွာချင်းဆက်သွယ်သည့် တံတားပြုပြင်မှုများ၊ အမက ကျင်းသာကျောင်းပြုပြင်တိုးချဲ့မှု၊ အဆုံကျေးရွာနှင့် အဆုံ အမကကျောင်း ဆက်သွယ်သည့် အရှည်ပေ ၁၂၀၊ အကျယ် ၁၀ ပေ၊ အမြင့် ကိုးပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုလုပ်ငန်းများလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရန် တာဝန်ရှိသူများနှင့် ပြည်သူများ ဆောင်ရွက်လျက်ရှိကြသည်။

ထို့အပြင် ခြောက်ခွဲကျေးရွာ အမကကျောင်းတွင်လည်း ကျောင်းဆောင်ကြမ်းခင်းများ၊ တံခါးနှင့် ပြတင်းပေါက်များ ပြုပြင်တပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိကြပြီး ယာကြီးကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဆေးခန်းကိုလည်း ခေတ်စနစ်နှင့်အညီ တိုးချဲ့ပြုပြင်ခြင်း၊ ဩဇာခြံကျေးရွာ အမကကျောင်းကို ပြန်လည်ပြုပြင်ဆောက်လုပ်ခြင်း၊ ဆည်တိုကျေးရွာအုပ်စုရှိ ညောင်ကုန်း-ရွာသစ်-လဲတောကျေးရွာချင်းဆက် တံတားပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ပြုပြင်ပြောင်းလဲမှုများ ပြီးစီးသွားပါက မလှိုင်မြို့နယ်ရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများစွာ တွင်ကျယ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အတွင်း တာဝန်ရှိသူများက ဆင်ကျုံးကျေးရွာ အမကကျောင်းတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးကိစ္စရပ်များအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပြီး လဲတော၊ ဒဟတ်ကုန်း၊ ကွမ်းခြံ အမကကျောင်းများကိုလည်း ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

လမ်းမကြီးနှင့်မလွတ်ကင်းသည့် ဈေးဆိုင်များအား နောက်ဆုံးအကြိမ်အဖြစ် သတိပေးနှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် မီးခွက်ဈေး(ပိတောက်မြိုင်ဈေး)ရှေ့တွင်ရှိသော ဗိုလ်အောင်ကျော်လမ်းမကြီးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်လမ်းဖြစ်ပြီး အဆိုပါလမ်းပေါ်တွင် ကျူးကျော်ထားကြသော အဆောက်အအုံ၊ ခြံစည်းရိုး၊ ဈေးဆိုင်များနှင့် ၎င်းတို့၏ လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများမှာ အများပြည်သူဖြတ်သန်းသွားလာသည့် လမ်းမကြီးပေါ်တွင် ငါးပေမှ ပေ ၂၀ အထိ ကျူးကျော်ဆောက်လုပ်ချဲ့ထွင်ထားကြသည်။ ထို့ကြောင့် အဆိုပါကျူးကျော်မှုများကို ရှင်းလင်းပေးကြရန် နောက်ဆုံးအကြိမ် အသိပေးအကြောင်းကြားစာများ ပေးပို့ထားပြီး မလိုက်နာပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးခွက်ဈေး(ပိတောက်မြိုင်ဈေး)လမ်းဆုံတံတားမှ ဗိုလ်အောင်ကျော်အိမ်ရာတံတားအထိ ပေ ၁၀၀ အကျယ်ရှိ လမ်းမကြီးပေါ်တွင် လူသွားလမ်း ၁၀ ပေခန့်သာကျန်ရှိ၍ အများပြည်သူများ သွားလာသည့်အခါ နေ့စဉ်အခက်အခဲများ ကြုံတွေ့နေကြရသည်။ လူဦးရေထူထပ်သည့် မြို့နယ်ဖြစ်ခြင်းကြောင့် သွားလာမှုလွယ်ကူစေရန်အတွက် ကွန်ကရစ်လမ်းခင်းရန် လျာထားသော လမ်းမကြီးဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၆ ရက် နောက်ဆုံးထားကာ ရှင်းလင်းဖယ်ရှားပေးရန် အကြောင်းကြားထားခြင်းဖြစ်ပြီး မလိုက်နာသူများကို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သန်းထိုက်(လှိုင်သာယာ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ဦးဘလှလမ်း၊ အမှတ် (၅)၊ ဦးပိုင်အမှတ် (၁၀၇)၊ အကွက်အမှတ် (၅၀)ရှိ အကျယ်အဝန်းပေ (၂၅ပေ×ပေ ၆၀)၊ ၀ ဒသမ ၀၄၅၈ဧကရှိ မြေနှင့် ၎င်းမြေပေါ်ရှိ ပျဉ်ထောင်အိမ်နှစ်ထပ်အဆောက်အအုံကို အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းချသူ ဒေါ်ဌေးဌေးခိုင် ၁၂/သဃက(နိုင်)၁၂၅၀၆၇အား အရပ်ကတိစာချုပ်ဖြင့် စရန်ငွေတချို့ကို ကျွန်ုပ်မှ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်၏ အကျိုးခံစားခွင့်နှင့်ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သက်တမ်းရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ရန်မည်သူမျှမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်နှင့် ပိုင်ဆိုင်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းအေး (ဒါရိုက်တာ)
MiCO Group Construction

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(က)ရပ်ကွက်၊ အမှတ် ၇၅၊ ဇေယျာသုခလမ်း၊ အကျယ်အဝန်း (၂၀×၆၇)ပေရှိ ဂရန်အမည်ပေါက် ဒေါ်ဘီဘီ SRM-၀၂၄၂၁၁ မြေကွက်နှင့် မြေတိုင်းအမှတ် ၇၇၊ ဇေယျာသုခလမ်း၊ အကျယ်အဝန်းပေ (၂၁×၇၀)ရှိ ဂရန်အမည်ပေါက် ဦးရွှေသိန်း ၁၂/မဂဒ(နိုင်)၀၅၆၁၀၈ မြေကွက်နှင့် ၎င်းတို့မြေကွက်အပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းချသူ ဦးခင်မောင်အေး ၁၂/လမတ(နိုင်)၀၂၇၇၄၅ နှင့် ဝယ်ယူသူ ဒေါ်စန်းစန်းအေး ၉/ကပတ(နိုင်) ၁၄၁၅၆၀တို့အား အရပ်ကတိစာချုပ်ဖြင့် စရန်ငွေတချို့အား ကျွန်ုပ်မှပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်၏အကျိုးခံစားခွင့်နှင့်ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သက်တမ်းရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ရန် မည်သူမျှမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်နှင့်ပိုင်ဆိုင်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းအေး (ဒါရိုက်တာ)
MiCo Group Construction

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျန်စစ်သား ၂ လမ်း၊ အိမ်အမှတ် (၁၂၅/အေ)၊ မြေအကျယ်အဝန်းပေ(၃၀×၆၀)ရှိ ဂရန်အမည်ပေါက် ဦးသိန်းကြည် ၁၂/ဥကတ(နိုင်)၁၀၃၄၆၂ မြေကွက်နှင့် ၎င်းအိမ်ခြံမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းချသူ ဒေါ်အေးအေးဝင်း ၁၂/မဂတ(နိုင်)၀၄၃၁၀၇ နှင့် ဝယ်ယူသူ ဒေါ်စန်းစန်းအေး ၉/ကပတ(နိုင်) ၁၄၁၅၆၀ တို့အား အရပ်ကတိစာချုပ်ဖြင့် စရန်ငွေတချို့ကို ကျွန်ုပ်မှ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်၏ အကျိုးခံစားခွင့်နှင့်ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပါသည်။ သက်တမ်းကုန်ဆုံးသည်အထိ ကန့်ကွက်ရန် မည်သူမျှမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်နှင့် ပိုင်ဆိုင်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းအေး (ဒါရိုက်တာ)
Mico Group Construction

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ လူနေရပ်ကွက်အမှတ်(ဗိုလ်ရန်ပြေ)၊ မြေကွက်အမှတ် (၁၀၉၂)၊ အလျားပေ ၄၀× အနံပေ ၆၀ အကျယ်ရှိ နှစ် ၆၀ ဂရန်မြေကွက် ဒေါ်ခင်ခင်ကြည်အမည်ပေါက်ပြီး ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ရာဇသင်္ကြန် ၃ လမ်း၊ အမှတ် (၁၀၉၂)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအရပ်ရပ်တို့ကို ပြီးဆုံးသည်အထိ ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဝယ်သူအမည်ပေါက်ပိုင်ဆိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အတိအလင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအာကာမျိုးထက် LL.B., D.B.L အထက်တန်းရှေ့နေ (စဉ်-၃၇၆၀၃)
အမှတ် ၅၅၊ အခန်း ၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၇၀၉၉၆

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉-ဘီ၊ မြေကွက်အမှတ် ၄၀၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉-ဘီ)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၄၀ ရှိ RC အဆောက်အအုံ၊ ရေ၊ လျှပ်စစ်မီးအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိမြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်လတ် ၁၂/ကမတ(နိုင်)၀၂၀၂၃၀ စီဒီ-၀၂၀၂၂၁ထံမှ အဆင့်ဆင့်လွှဲပြောင်းဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ချစ်ချစ်နိုင် ၁၁/တကန(နိုင်)၀၅၈၄၁၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းအထောက်အထားများဖြင့် ယခုသတင်းစာ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်ဝင်း B.A, H.G.P., R.L, D.B.L, D.I.L, D.M.L M.P.A, M.A(BL), PGDIT (New Delhi), D.Jap. (UFL) အထက်တန်းရှေ့နေ
အမှတ် ၆၇၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ခေင်ညိုလမ်း၊ မြေကွက်အမှတ် ၆၂၇၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးသန်းမြင့် ၁၂/သဃက(နိုင်) ၀၉၁၀၀၃ အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးဘမော် ၁၂/ရကန(နိုင်)၀၁၀၇၁၄ ထံမှ ကျွန်မ ဒေါ်ကြည်ငွေ ၁၂/ဥကတ(နိုင်)၀၁၅၅၀၃သည် အဆိုပါမြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်တရားဝင် လက်ရောက်ဝယ်ယူရန် ဦးဘမော်ကိုယ်စား သမီးဖြစ်သူ ဒေါ်ညိမ်းညိမ်းမော်အား စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ကြည်ငွေ ၁၂/ဥကတ(နိုင်)၀၁၅၅၀၃
ဖုန်း-၀၁-၂၀၉၃၉၆

ခရီးသွားဆောင်းပါး

ကျိုက်မရောမြို့က သာယာလှသည်

ခရမ်း–စိုးမြင့်

ကျိုက်မရောမြို့သည် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့နှင့် ၁၅ မိုင်ကွာဝေးပြီး အတ္ထရံမြစ်ကမ်းနဖူးပေါ်တွင် သာယာလှပစွာတည်ရှိလျက် အကျယ်အဝန်းဧရိယာမှာ ၅၁၆ ဒသမ ၀၄ စတုရန်းကျယ်ဝန်းသည်။

မွန်ပြည်နယ်(၁၀)မြို့နယ်တွင်ပါဝင်ပြီး မော်လမြိုင်ကားလမ်း တစ်လျှောက် ထန်းပင်တန်းများဖြင့် သာယာလှသည်။ ကားနှင့်သွားလျှင် ဘားအံ၊ မုဒုံ၊ ကြာအင်းဆိပ်ကြီးမြို့များသို့ ရောက်နိုင်သလို၊ ရေလမ်းခရီးနှင့် သွားလျှင်လည်း မော်လမြိုင်၊ မုတ္တမမြို့နှင့် ဘားအံမြို့နှင့် ကြာအင်းဆိပ်ကြီးမြို့များသို့ ရောက်နိုင်သည်။ ရန်ကုန်မြို့မှ ကျိုက်မရောမြို့သို့ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် သွားရောက်နိုင်ပြီး မော်လမြိုင်မှတစ်ဆင့် ခံရကြောင်းခရီးဖြင့် သွားနိုင်သည်။

အတ္ထရံမြစ်သည် မြောက်မှတောင်သို့ စီးဆင်းနေသောမြစ်မဟုတ်ဘဲ တောင်မှမြောက်သို့ ပြောင်းပြန်စီးနေသော မြစ်ဖြစ်သည်။ ကျိုက်မရောမြို့မြောက်ဘက်တွင် မော်လမြိုင်မြို့နယ်နှင့်ဘားအံမြို့နယ်၊ အရှေ့ဘက်တွင် ကောကရိတ်မြို့နယ်၊ တောင်ဘက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် အနောက်ဘက်တွင် မုဒုံမြို့နယ်တို့ကို ဆက်စပ်လျက်ရှိသည်။

ကျိုက်မရောမြို့သည် အတ္ထရံမြစ်ဝှမ်းအတွင်း တည်ရှိသဖြင့် ပြန့်ပြူးကာ မြောက်ဘက်တွင် ဂျိုင်းမြစ်ဝှမ်းနှင့် ဆက်စပ်နေသည်။ မြို့ပတ်လည်တွင် လယ်ကွင်းများ ရှုမဆုံးအောင်ရှိသည်။ မြို့အနောက်ဘက်တွင် တောင်ညိုတောင်တန်းနှင့် အရှေ့ဘက်တွင် ဒေါနတောင်တန်းများ တည်ရှိနေခြင်းက မြို့ကို ပန်းတင့်စေသည်။

မြို့အနီးရှိ ဝယ်ဂူနှင့်ရှေးဟောင်း ဂန္ဓာရီဂူဖြစ်သော ဖားဘောင်ဂူတို့မှာ ထင်ရှားလှသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၅ ပေမြင့်သဖြင့် လယ်ကွင်းနှင့် ဥယျာဉ်ခြံမြေများ ပေါများသည်။ ရာသီဥတုမှာလည်း ပူနွေးစွတ်စိုသော ရာသီဥတုဖြစ်သဖြင့် အမြင့်ဆုံးအပူချိန် ၃၇ ဒသမ ၀၇ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၂၃ စင်တီဂရိတ်ကြားတွင် ရှိသည်။

နှစ်စဉ် ပျမ်းမျှမိုးရေချိန်မှာ ၁၈၅ လက်မရှိသဖြင့် မိုးများသည်။ မိုးများခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ရေထိန်းရန် ဆည်မြောင်းများ နည်းပါးခြင်း၊ ပင်လယ်ရေမျက်နှာပြင်အထက် ၁၅ ပေမျှသာမြင့်ခြင်း၊ အရှေ့ဘက်ရှိ ဒေါနတောင်တန်းများမှ ရေများ စီးဆင်းခြင်းတို့ကြောင့် နှစ်စဉ်လိုလိုပင် ရေကြီးသည်။

မိုးများသော်လည်း ပွင့်လင်းရာသီတွင် ရာသီဥတုသာယာလှသဖြင့် ဘုရားဖူးလာခရီးသည်များ အကြိုက်တွေ့နိုင်သလို ထန်းပင်တန်းနှင့် ကျိုက်မရောကားလမ်းသည်လည်း စိတ်၏ပျော်ရွှင်ချမ်းမြေ့မှု၊ ကြည်နူးမှုတို့ကို ပေးစွမ်းနိုင်သလို မော်လမြိုင်မှ ကျိုက်မရောသို့ ရေလမ်းခရီးမှ နှစ်ထပ်သင်္ဘောကြီးစီးသွားလျှင် တောတောင်ရေမြေသဘာဝအလှအပများကို ကြည့်ရှုရခြင်းကြောင့် ပျော်စရာကောင်းလှသည်။ ဒေသထွက် ထန်းသီး၊ ထန်းလျက်ခဲ၊ ဒူးရင်းသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ကျွဲကောသီးများ ဝယ်ယူစားသောက်နိုင်သကဲ့သို့ အိမ်အပြန် လက်ဆောင်ကောင်းအဖြစ်လည်း ယူဆောင်နိုင်ကြသည်။

